# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday, 21 August 2022 ၁၀၈၃၄


### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မသန်စွမ်းသူများ၏ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းမှုကိုရော စိတ်ဓာတ်ကိုပါ မြင့်မားလာစေရန် မိမိတို့ဝါသနာပါရာ အားကစားနည်းများ လုပ်ဆောင်နိုင်ရေး အားပေးမြှင့်တင်ပေးလျက်ရှိ

## မြန်မာနိုင်ငံမှ မသန်စွမ်းသူ အားကစားသမားများသည် မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြသူများဖြစ်

**နေပြည်တော် ဩဂုတ် ၂၀**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သော မြန်မာ အားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြေးခုန်ပစ်အားကစားနည်းမှ သံပြားပစ်နှင့် သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခုနှင့် လှံတံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု ရရှိခဲ့သည့် အားကစားသမား မထက်ထက်အေးအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။


ယနေ့ ဖတ်စရာ

ပြောရဦးမယ်
ဆောင်းပါး စာမျက်နှာ » ၆

အမှားတွေကို အကျိုးရှိအောင် အသုံးချမယ်ဆိုရင်
ဆောင်းပါး စာမျက်နှာ » ၁၆

တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေပြည်နယ်၌ မိုးခေါင်ရေရှားး၍ ပြည်သူ ၅ ဒသမ ၇ သန်း ထိခိုက်ခံစားနေရ
စာမျက်နှာ » ၁၃

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်
စာမျက်နှာ » ၂၀

# ပကတိဖြစ်စဉ်များကိုသိရှိမှ အမှန်သိနိုင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် ယခုလ ၁၇ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ရာ တွေ့ဆုံဆွေးနွေးမှုများနှင့် ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အနေဖြင့် တစ်ဖက်သတ်ထုတ်ပြန်ချက်များသည် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာနှင့်ပြည်သူလူထုမှ အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်စေခဲ့ရာ တွေ့ဆုံစဉ်က ဆွေးနွေးမှုအပြည့်အစုံကို လေ့လာခြင်းဖြင့် အမှန်ကိုသိရှိနိုင်မည်ဖြစ်သည်။

တွေ့ဆုံဆွေးနွေးမှုကို လေ့လာကြည့်လျှင် မြန်မာနိုင်ငံ၏ ပကတိဖြစ်စဉ်အမှန်တရားများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တို့၏ သဘောထားများကို ရှင်းရှင်းလင်းလင်း သိရှိနိုင်မည်ဖြစ်သည်။ ဆွေးနွေးမှုတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ရေရှည်လက်တွဲဆောင်ရွက်နိုင်ရန်အတွက် သတင်းများနှင့်ပတ်သက်ပြီး ထိန်းထိန်းသိမ်းသိမ်း ထုတ်ပြန်ဆောင်ရွက်ရန်အတွက် သဘောတူညီခဲ့ကြပြီးဖြစ်သည်။ သို့ရာတွင် တွေ့ဆုံဆွေးနွေးမှုအပြီး အထူးကိုယ်စားလှယ်၏ သတင်းထုတ်ပြန်ချက်သည် ပြည်ပနှင့်ပြည်တွင်းရှိ တရားမဝင်နှင့် အကြမ်းဖက်အဖွဲ့များမှပေးပို့သော သတင်းမှားများအပေါ်တွင် အခြေခံထားသည်ကိုတွေ့ရသည်။

ကုလသမဂ္ဂတာဝန်ရှိသူများအနေဖြင့် ၎င်းတို့မှ အများပြည်သူသို့ ထုတ်ပြန်ချက်များ ထုတ်ပြန်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ တုံ့ပြန်ပြောကြားချက်များကို မျှတစွာထည့်သွင်းဖော်ပြရန် ကျင့်ဝတ်အရလိုအပ်သော်လည်း အထူးကိုယ်စားလှယ်၏ ဩဂုတ်လ ၁၇ ရက်နေ့ ထုတ်ပြန်ချက်သည် ကျင့်ဝတ်ကိုလိုက်နာခြင်းမရှိဘဲ ဘက်လိုက်မှုများရှိနေသည်ကို တွေ့ရသည်။ ယင်းထုတ်ပြန်ချက်ကြောင့် နိုင်ငံတကာအသိုက်အဝန်းက အထင်အမြင်လွဲမှားစေနိုင်သည့်အပြင် အများပြည်သူတို့အနေဖြင့်လည်း နားလည်မှုလွဲမှားစေနိုင်ပါသည်။ ကုလသမဂ္ဂအနေဖြင့် ပြဿနာဖြေရှင်းရေးကို ပူးပေါင်းဆောင်ရွက်လိုသည်ဆိုသော်လည်း မြန်မာနိုင်ငံဘက်မှ ရှင်းပြခဲ့သည့် ပကတိဖြစ်ရပ်မှန်အချက်အလက်အထောက်အထားများကို ထင်ဟပ်ဖော်ပြခြင်းမပြုဘဲ ယင်းတို့၏ တစ်ဖက်သတ်ပြောကြားချက်များဖြစ်နေ၍ နှစ်ဦးနှစ်ဖက် အပြုသဘော ပူးပေါင်းဆွေးနွေးမှုအပေါ် အနှောင့်အယှက် အဟန့်အတားဖြစ်စေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းရင်းသားပြည်သူလူထုလူတန်းစားအဖွဲ့အစည်းများအားလုံး ပါဝင်ရေးဆွဲပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ဖြစ်တည်လာသောအစိုးရဖြစ်ပြီး ဖြစ်ပေါ်ခဲ့သောအခြေအနေများအားလုံးနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ခဲ့သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားချင်းစာနာထောက်ထားရေးနှင့် ငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာနှင့်ပြည်သူများ လိုလားလက်ခံသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်နိုင်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို ဦးတည်ဆောင်ရွက်နေသည်။

နိုင်ငံတကာဆက်ဆံရေးတွင် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိသည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူ (၅) ရပ်ကျင့်သုံးလျက်ရှိပြီး နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြု၊ နိုင်ငံတစ်နိုင်ငံ ပိုင်နက်နယ်မြေတည်တံ့ရေးနှင့် အချုပ်အခြာအာဏာကို အခြားတစ်နိုင်ငံက လေးစားရန်အချက်ကို လိုက်နာဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂပဋိညာဉ်ကို လိုက်နာကျင့်သုံးလျက်ရှိပြီး ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အာဆီယံရည်မှန်းချက်၊ အာဆီယံမူ၊ အာဆီယံပဋိညာဉ်တို့ကို လေးစားလိုက်နာကာ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံက ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားရေးမူဝါဒများကို အသိအမှတ်ပြုလက်ခံထားပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုဟု ပြောကြားလျက်ရှိသော်လည်း မြန်မာနိုင်ငံအစိုးရ၏ ဥပဒေနှင့်အညီ လုပ်ဆောင်မှုများကို အသိအမှတ်မပြုသည်မှာ အံ့အားသင့်စရာ ဖြစ်သည်။ ကုလသမဂ္ဂသည် ပြဋ္ဌာန်းထားသည့် ပဋိညာဉ်နှင့်အညီ ပြောဆိုနေသော်လည်း လက်တွေ့တွင် ကွဲလွဲနေသည်။ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်နေသော ပကတိမြေပြင်အခြေအနေကို လက်တွေ့လေ့လာခြင်းမရှိဘဲ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ အကြမ်းဖက်အဖွဲ့အစည်းများက ပေးပို့တင်ပြသည့် သတင်းမှားများကို လက်ခံအသုံးပြု၍ တည်ဆဲအစိုးရအပေါ် တစ်ဖက်သတ်စွပ်စွဲပြောဆိုမှုများမှာ စိတ်ပျက်ဖွယ်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သောအရွေ့တစ်ခုကို ရရှိရန်အတွက် သဘောထားမှန်ကန်စွာဖြင့် မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် လက်ခံတွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သော်လည်း ၎င်းအနေဖြင့် မြန်မာနိုင်ငံ၏ ပကတိဖြစ်ပေါ်တိုးတက်မှုများကို မျက်ကွယ်ပြု၍ နိုင်ငံတကာနှင့် ပြည်သူများမှ အထင်အမြင်လွဲမှားမှုဖြစ်စေသည့် တစ်ဖက်သတ်ထုတ်ပြန်မှုများ ပြုလုပ်ခဲ့ရာ တွေ့ဆုံစဉ်က ဆွေးနွေးမှုများကို သေချာစွာလေ့လာကြည့်လျှင် အမှန်တရားကို သိရှိနိုင်မည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော်ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။




## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့်ပြတ်တောက်နိုင်

နေပြည်တော် ဩဂုတ် ၂၀

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံအချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိကြောင်း၊ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ်မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိကြောင်း၊ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၇ ရက်အထိ နေ့စဉ် တစ်မိနစ်မှ ၁၈ မိနစ်ခန့်အထိ Signal ပြတ်တောက်မှု ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သော မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

**အားကစားသည် ပြောင်းလဲလာသော အခြေအနေအရပ်ရပ်နှင့်အညီ အရှိန်အဝါနှင့် အနေအထားအရပါ မြင့်မားလာသည်ဖြစ်သဖြင့် ကျန်းမာရေး သက်သက်၊ အားကစား သက်သက် အဆင့်တွင်သာ ရပ်တန့်မနေဘဲ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေး တာဝန်တစ်ရပ်လည်း ဖြစ်လာ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကူးအားကစားနည်းမှ မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် မီတာ ၅၀ လိပ်ပြာကူး ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုရရှိခဲ့သည့် အားကစားသမား မောင်ကျော်ထူးအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြေးခုန်ပစ်အားကစားနည်းမှ မီတာ ၁၀၀ အပြေးပြိုင်ပွဲနှင့် အလျားခုန်ပြိုင်ပွဲတွင် ငွေတံဆိပ်နှစ်ခု ရရှိခဲ့သည့် အားကစားသမား မလော်လာဝင်းအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

**✪ ရှေ့ဖုံးမှ**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် အားကစားဆိုသည့် ဝေါဟာရကို နိုင်ငံတကာအဘိဓာန်များက **“ယှဉ်ပြိုင်မှုရှိသော ရုပ်ပိုင်းဆိုင်ရာ ပြုမူဆောင်ရွက်မှုပုံစံအားလုံးကိုအားကစား”**ဟု သတ်မှတ်သကဲ့သို့ **“အင်အားနှင့် ဉာဏ်ရည်ကို အသုံးချပြီး လှုပ်ရှားယှဉ်ပြိုင်မှုအားလုံးကိုလည်း အားကစား”**ဟု အဓိပ္ပာယ်ဖွင့်ဆိုကြပါကြောင်း။

**ထည်ဝါခန့်ညားစေ**

အားကစား၏ အဓိကရည်မှန်းချက်မှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ရှေးရှုသည်ဆိုသော်လည်း ယခုအခါ အားကစားတွင် တစ်ဦးချင်း ယှဉ်ပြိုင်ရသောပြိုင်ပွဲမှ လူပေါင်းရာထောင်ချီပါဝင်သော ပြိုင်ပွဲများ၊ ကျေးလက်အဆင့်ပြိုင်ပွဲများမှသည် ကမ္ဘာနှင့်ချီသော အိုလံပစ်ပြိုင်ပွဲများအထိ ကျင်းပလျက်ရှိနေပြီ ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင် အားကစားအောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခန့်ညားစေပြီး အားကစားပြိုင်ပွဲများကိုလည်း လက်နက်မပါသော တိုက်ပွဲများဟုပင် တင်စားလာနေကြပြီ ဖြစ်ပါကြောင်း။

အားကစားသည် ပြောင်းလဲလာသော အခြေအနေအရပ်ရပ်နှင့်အညီ အရှိန်အဝါနှင့် အနေအထားအရပါ မြင့်မားလာသည်ဖြစ်သဖြင့် ကျန်းမာရေးသက်သက်၊ အားကစားသက်သက် အဆင့်တွင်သာ ရပ်တန့်မနေဘဲ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်း ဖြစ်လာခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်၏ အဆင့်နှင့်အညီ အားကစားလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို အမျိုးသားအားကစားပြိုင်ပွဲအဖြစ် တစ်နိုင်ငံလုံးပါဝင်သည့် အားကစားပြိုင်ပွဲကြီးများမှ နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်မည့် လက်ရွေးစင် အားကစားသမားများကို စိစစ်ရွေးချယ်လာကြခြင်းမှာ မဖြစ်မနေဆောင်ရွက်ရမည့် အရေးပါသော အဓိကလုပ်ငန်းတစ်ရပ်လည်း ဖြစ်လာခဲ့ပြီဖြစ်ပါကြောင်း။

ယခင်က အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ (SEAP Games)မှသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (SEA Games)၊ အာရှ အားကစားပြိုင်ပွဲ (ASIAN Games)၊ အိုလံပစ်အားကစားပြိုင်ပွဲ(Olympic Games)များကိုသာ ကျင်းပခဲ့ကြပါကြောင်း။

**ပိုမိုအလေးထားရန်လိုအပ်လာ**

သို့သော် ယနေ့ကမ္ဘာကြီးတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့နေရသည့်အတွက် ထိခိုက်ဒဏ်ရာရသူများ၊ လူ့အဖွဲ့အစည်းများအကြား ဖြစ်ပွားနေသည့် ပဋိပက္ခများ၊ တိုက်ခိုက်မှုများ၊ ဖောက်ခွဲဖျက်ဆီးမှုများကြောင့် သေဆုံးသူတစ်ဦးရှိတိုင်း ငါးဦးခန့် ထိခိုက်ဒဏ်ရာရရှိလျက်ရှိသည့်အပြင် မွေးဖွားလာကတည်းက ဆွံ့အ၊ နားမကြား၊ ခြေလက်အင်္ဂါ မပြည့်စုံခြင်းနှင့် ဉာဏ်ရည်မပြည့်မီသူများလည်း ရှိနေပါကြောင်း၊ ထို့ကြောင့် ယနေ့ကမ္ဘာပေါ်တွင် မသန်စွမ်းဖြစ်မှုရာခိုင်နှုန်းသည်လည်း ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်အထိ မြင့်တက်လာသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ထုတ်ပြန်သည့်စာရင်းများအရ သိရှိရပါကြောင်း၊ လူဦးရေသန်းပေါင်း ၁၀၀၀ ကျော်ခန့် ပမာဏရှိသော မသန်စွမ်းသူအရေးအတွက်သည်လည်း အထူးဂရုပြုရမည့် ပမာဏဖြစ်လာသည့်အတွက် မသန်စွမ်းသူများ၏အရေး၊ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပိုမိုအလေးထားရန် လိုအပ်လာပါကြောင်း။

မသန်စွမ်းသူများသည်လည်း လူသားများပင်ဖြစ်သည့်အတွက် မသန်စွမ်းသူများ၏ ကျန်းမာသန်စွမ်းရန်၊ စိတ်ဓာတ်ကြံ့ခိုင်ရန်လည်း လိုအပ်လာပါကြောင်း၊ ထို့ကြောင့် မသန်စွမ်းသူတစ်ဦးချင်းစီ၏ စိတ်ဓာတ်ခွန်အား မြင့်မားစေရန်နှင့် ဝါသနာပါရာလုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်စေနိုင်ရေးအတွက် မသန်စွမ်းသူများ၏ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းမှုကိုရော စိတ်ဓာတ်ကိုပါ မြင့်မားလာစေရန် မိမိတို့ဝါသနာပါရာ အားကစားနည်းများ လုပ်ဆောင်နိုင်ရေး အားပေးမြှင့်တင်ပေးလျက်ရှိပါကြောင်း။

**စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိ**

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ကွင်းဆင်းဆောင်ရွက်ခဲ့သော မသန်စွမ်းမှုလေးမျိုး အခြေခံစစ်တမ်းအရ နိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သော ၂ ဒသမ ၃ သန်းခန့်သည် မသန်စွမ်းသူများဖြစ်သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများအနေဖြင့်လည်း မြန်မာနိုင်ငံမှ မသန်စွမ်းသူများ၏ဘဝ စိုပြည်လှပအောင် ပြန်လည်ထူထောင်ရေး၊ လူ့ဂုဏ်သိက္ခာမြင့်မားရေးနှင့် သန်စွမ်းသူများနည်းတူ တန်းတူညီမျှ အခွင့်အရေးများရရှိရေးကို ရှေးရှုသည့် အစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မသန်စွမ်းအားကစားသမားများ အားကစားလေ့ကျင့်နိုင်ရန် ရည်ရွယ်၍ မသန်စွမ်းသူများ အားကစားလေ့ကျင့်ရေးစခန်းကိုလည်း တည်ဆောက်ပံ့ပိုးပေးကာ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိပါကြောင်း။

ယနေ့ခေတ်တွင် မသန်စွမ်းသူများ၏ အရေးသည် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ အထူးအာရုံစိုက် အလေးထားရသည့် အရေးကိစ္စတစ်ရပ် ဖြစ်လာခဲ့ပါကြောင်း၊ ယခင်အချိန်အခါများက

**စာမျက်နှာ ၄ သို့ »»**

»»» စာမျက်နှာ ၃ မှ

မသန်စွမ်းသူများအပေါ် ထားရှိခဲ့သည့် မသိနားမလည်ခြင်း၊ လျစ်လျူရှုခြင်း၊ အယူသီးခြင်းနှင့် ကြောက်ရွံ့စိုးရိမ်ခြင်းများစသည့် မသင့်လျော်သည့် ခံယူချက်၊ အယူအဆဟောင်းများကို ဖယ်ခွာပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသည့် ဗြဟ္မစိုရ်တရား လေးပါးကို လက်ကိုင်ထားကြသည့် မြန်မာလူမျိုးများဖြစ်သည့်အလျောက် မိမိတို့ လူ့အဖွဲ့အစည်း၏ တစ်စိတ်တစ်ပိုင်း အသိုက်အဝန်းတစ်ခုတည်းဖြစ်သည့် မသန်စွမ်းသူများနှင့် ပတ်သက်သော အရေးကိစ္စများကို မိမိတို့ တစ်ဦးချင်းစီနှင့်သက်ဆိုင်သည့် ကိစ္စရပ်၊ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် ကိစ္စတစ်ရပ်အဖြစ် လက်ခံဆောင်ရွက်ပေးကြရမည်လည်း ဖြစ်ပါကြောင်း။

**ဆွတ်ခူးပေးနိုင်ခဲ့**

ထို့ကြောင့် အာဆီယံဒေသတွင်းရှိ မသန်စွမ်းသူများ အားကစားအဆင့်အတန်း မြင့်မားတိုးတက်စေရေးနှင့် ဒေသတွင်းချစ်ကြည်ရင်းနှီးမှု မြှင့်တင်နိုင်ရေးအတွက် အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ASEAN Para Sports Federation (APSF) ကို ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်၍ နှစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိသည့် မသန်စွမ်းသူများ အားကစားပြိုင်ပွဲတိုင်းကို ပါဝင်ယှဉ်ပြိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပါဝင်ယှဉ်ပြိုင်သည့် အားကစားသမားဦးရေ အနည်းငယ်သာဖြစ်သော်လည်း ပြိုင်ပွဲဝင်အားကစားအမျိုးအစားတိုင်းတွင် ဆုတံဆိပ်များများစွာ ဆွတ်ခူးပေးနိုင်ခဲ့ကြသည်ကို မှတ်တမ်းမှတ်ရာများက သက်သေခံလျက်ရှိနေပါကြောင်း။

မသန်စွမ်းသူများ အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မှတ်တမ်းများကို ပြန်လည်ကြည့်ရှုသည့်အခါ ၂၀၀၁ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ပထမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား ၃၁ ဦးရှိပြီး ရွှေ ၄၃ ခု အပါအဝင် ဆုတံဆိပ်ပေါင်း ၇၇ ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှုအဆင့် ၃၊ ၂၀၀၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား ၂၆ ဦးရှိပြီး ရွှေတံဆိပ် ၂၄ ခု အပါအဝင် ဆုတံဆိပ်ပေါင်း ၄၇ ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှုအဆင့် ၄၊ ၂၀၀၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် တတိယအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား ၂၂ ဦးရှိပြီး ရွှေတံဆိပ် ၂၉ ခု အပါအဝင် ဆုတံဆိပ်ပေါင်း ၄၆ ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှုအဆင့် ၅၊ ၂၀၀၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပသော စတုတ္ထအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား ၂၅ ဦးရှိပြီး ရွှေတံဆိပ် ၁၄ ခု အပါအဝင် ဆုတံဆိပ်ပေါင်း ၅၁ ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှု အဆင့် ၆၊ ၂၀၀၉ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ပဉ္စမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား ၂၅ ဦးရှိပြီး ရွှေတံဆိပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့် မသန်စွမ်းသူ အားကစားသမားများ အားလုံးကလည်း အားကစားစည်းမျဉ်း၊ စည်းကမ်းဥပဒေဘောင်များအတွင်းမှ အားကစားစိတ်ဓာတ်အပြည့်နှင့် တရားနည်းလမ်းကျစွာ ယှဉ်ပြိုင်အနိုင်ယူပြီး နိုင်ငံတော်အတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး နိုင်ငံ့ဂုဏ်ဆောင်ဆုရ အားကစားသမားတစ်ဦးအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် အုပ်ချုပ်မှုအဖွဲ့နှင့် နည်းပြများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

၁၄ ခုအပါအဝင် ဆုတံဆိပ်ပေါင်း ၄၀ နှင့် နိုင်ငံအလိုက်ရပ်တည်မှု အဆင့် ၆၊ ၂၀၁၁ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပပြုလုပ်သည့် ဆဋ္ဌမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား ၃၆ ဦးရှိပြီး ရွှေတံဆိပ် ၁၁ ခု အပါအဝင် ဆုတံဆိပ်ပေါင်း ၃၄ ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှု အဆင့် ၆၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် သတ္တမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ၂၁၅ ဦးရှိပြီး ရွှေတံဆိပ် ၃၄ ခု အပါအဝင် ဆုတံဆိပ် ၉၆ ခုနှင့် နိုင်ငံအလိုက် ရပ်တည်မှုအဆင့် ၅၊ ၂၀၁၅ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် အဋ္ဌမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ၁၀၂ ဦးရှိပြီး ရွှေတံဆိပ် ၁၆ ခု အပါအဝင် ဆုတံဆိပ် ၆၂ ခုနှင့် နိုင်ငံအလိုက် ရပ်တည်မှုအဆင့် ၆၊ ၂၀၁၇ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် နဝမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ၁၂၀ ရှိပြီး ရွှေတံဆိပ် ၁၁ ခု အပါအဝင် ဆုတံဆိပ် ၄၃ ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှုအဆင့် ၆ စသည်ဖြင့် အောင်မြင်မှုများ ရရှိခဲ့သည်ကို တွေ့ရှိရပြီး ၂၀၁၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၁၀)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲအား ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းမရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း။

**နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့**

အဆိုပါ မှတ်တမ်းများအရ မြန်မာနိုင်ငံမှ မသန်စွမ်းသူ အားကစားသမားများသည် မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြသူများ ဖြစ်ခဲ့ကြသည်ကိုလည်း တွေ့ရှိခဲ့ရပါကြောင်း။

ပြီးခဲ့သည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ခုနစ်နည်း၊ အားကစားသမား ၆၉ ဦး၊ ဖိတ်ကြားခံ၊ အုပ်ချုပ်သူ/နည်းပြ ၄၀၊ ဒိုင်လူကြီးလေးဦး အပါအဝင် စုစုပေါင်း ၁၁၃ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခု စုစုပေါင်း ဆုတံဆိပ် ၄၃ ခုရရှိပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့် ၆ နေရာရရှိခဲ့ပါကြောင်း။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်း ခုနစ်နည်းအနက် ပြေးခုန်ပစ်၊ ရေကူးအားကစားနည်းမှ ရွှေတံဆိပ် ၁၄ ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမအားကစားနည်းမှ ငွေတံဆိပ် ၁၂ ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ မြားပစ်၊ ဘောလုံးအားကစားနည်းများမှ ကြေးတံဆိပ် ၁၇ ခုရရှိခဲ့ပါကြောင်း။

ငွေတံဆိပ်ရရှိခဲ့သည့် အားကစားနည်းများသည်လည်း ပြိုင်ပွဲများတွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ရွှေတံဆိပ်မရရှိခဲ့ကြသော်လည်း နိုင်ငံအတွက် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်ကိုလည်း တွေ့ရှိခဲ့ရပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်နိုင်မှု ဆုတံဆိပ်များ ဆွတ်ခူးရရှိပြီး နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းသံ လွှင့်ပျံအောင် စွမ်းဆောင် ကြိုးပမ်းခဲ့ကြသူများအား ယခုလို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ရခြင်းပင်ဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲတွင် နိုင်ငံအလိုက်အဆင့်တစ်ခုကို ရယူပေးနိုင်ခဲ့သည့် မြန်မာအားကစားသမားများ၏ ကြိုးပမ်းမှု၊ ဇွဲ၊ စိတ်ဓာတ်တို့ကို မှတ်တမ်းတင် ဂုဏ်ပြုကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့် မသန်စွမ်းသူအားကစားသမားများအားလုံးကလည်း အားကစားစည်းမျဉ်း၊ စည်းကမ်း ဥပဒေဘောင်များအတွင်းမှ အားကစားစိတ်ဓာတ်အပြည့်နှင့် တရားနည်းလမ်းကျစွာ ယှဉ်ပြိုင်အနိုင်ယူပြီး နိုင်ငံတော်အတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ကြောင်းလည်း ထပ်လောင်းပြောကြားလိုပါကြောင်း။

**အားကြိုးမာန်တက်ယှဉ်ပြိုင်**

နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်စေရန် ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်နေမှုများကို အသိအမှတ်ပြုသောအားဖြင့် ပြိုင်ပွဲမသွားမီ ပြိုင်ပွဲဝင် အားကစားသမားတစ်ဦးကို ငွေကျပ်နှစ်သိန်းစီနှင့် အမေရိကန်ဒေါ်လာ ၂၀၀ နှုန်း၊ အုပ်ချုပ်/နည်းပြတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းစီ ချီးမြှင့်ထောက်ပံ့ပေးခဲ့သကဲ့သို့ ပြိုင်ပွဲအသီးသီးတွင် အားကြိုးမာန်တက်ယှဉ်ပြိုင်ပြီး တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သူများကို အမေရိကန်ဒေါ်လာ ၁၀၀၀၊ ငွေတံဆိပ်ရရှိခဲ့ကြသူများကို အမေရိကန်ဒေါ်လာ ၇၀၀၊ ကြေးတံဆိပ်ရရှိခဲ့ကြသူများကို အမေရိကန်ဒေါ်လာ ၅၀၀၊ အသင်းလိုက် ငွေတံဆိပ်ရရှိခဲ့သူများကို တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၀၀ နှုန်းနှင့် အသင်းလိုက်ကြေးတံဆိပ်ရရှိခဲ့သူများကို တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃၀၀ နှုန်း ချီးမြှင့်ပေးခဲ့ပါကြောင်း။

အလားတူ ယခုဂုဏ်ပြုပွဲတွင်လည်း ပြိုင်ပွဲမသွားမီ ကြိုတင်အသိပေးကြေညာထားသည့်အတိုင်း တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိသူများကို ငွေကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ရရှိသူများကို ငွေကျပ်သိန်း ၂၀၀၊

စာမျက်နှာ ၅ သို့ »»»

»» စာမျက်နှာ ၄ မှ

ကြေးတံဆိပ်ရရှိသူများကို ငွေကျပ်သိန်း ၁၀၀ စီကို လည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သည့် အသင်းသားတစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့သည့် အသင်းသားတစ်ဦးလျှင် ငွေကျပ်သိန်း ၇၀၊ ကြေးတံဆိပ်ရရှိခဲ့သည့် အသင်းသားတစ်ဦးလျှင် ငွေကျပ် ၃၅ သိန်းစီကိုလည်းကောင်း၊ အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့သည့် နည်းပြများကို မိမိတို့အားကစားနည်းမှ ရွှေတံဆိပ်ရရှိခဲ့အောင် စွမ်းဆောင်နိုင်ခဲ့သူ နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၃၀ စီကို လည်းကောင်း၊ အားကစားနည်းအလိုက် အုပ်ချုပ်မှုအဖွဲ့များကိုလည်း ရွှေတံဆိပ်ရရှိခဲ့ပါက အုပ်ချုပ်မှုအဖွဲ့များကို ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၃၀ နှုန်းဖြင့် လည်းကောင်း စုစုပေါင်းငွေကျပ်သိန်းပေါင်း ၁၀၀၆၀ ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပေးအပ်ချီးမြှင့်ခြင်းအတွက် သက်ဆိုင်သူများအားလုံးအတွက် စိတ်ဓာတ်ခွန်အားဖြစ်စေလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

**ဆက်လက်အားထုတ်ကြိုးပမ်း**

နိုင်ငံတော်နှင့် ပြည်သူလူထုအပါအဝင် ပံ့ပိုးကူညီပေးသော လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၏ အားပေးချီးမြှောက်မှုအပေါ် တုံ့ပြန်သည့်အနေဖြင့် ဆုတံဆိပ်ရ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကလည်း မိမိတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးပမ်းအားထုတ်လေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင်မခံအရှုံးမပေးသည့် စိတ်ဓာတ်များနှင့် ပေါင်းစပ်ပြီး နောင်လာမည့် နိုင်ငံတကာပြိုင်ပွဲများတွင် ယခုထက် ပိုမိုအောင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားကြရန်၊ အထူးသဖြင့် လာမည့် ၂၀၂၃ ခုနှစ် ဇွန် ၃ ရက်မှ ၉ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကြီးတွင် ဆုတံဆိပ်သာမက နိုင်ငံအလိုက် အဆင့်ပါ အောင်မြင်မှုရရှိရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ရေကုန်ရေခန်း ဆက်လက်အားထုတ်ကြိုးပမ်းသွားကြပါဟု အလေးအနက်ထား တိုက်တွန်းမှာကြားပါကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် အုပ်ချုပ်မှုအဖွဲ့နှင့် နည်းပြများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင် အုပ်ချုပ်မှုအဖွဲ့နှင့် နည်းပြများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် ပြေးခုန်ပစ်အားကစားနည်းမှ မီတာ ၁၀၀ နှင့် မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုနှင့် အသင်းလိုက်မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည့် အားကစားသမား ဒုတပ်ကြပ်စိုးပေကို လည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ သံပြားပစ်နှင့် သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုနှင့် လုံတံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု ရရှိခဲ့သည့် အားကစားသမား မထက်ထက်အေးကို လည်းကောင်း၊ ရေကူးအားကစားနည်းမှ မီတာ ၂၀၀ အလွတ်ကူးနှင့် မီတာ ၁၀၀ ပက်လက်ကူး ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုနှင့် မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု ရရှိခဲ့သည့် အားကစားသမား မောင်အောင်မြင့်မြတ်ကို လည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ သံလုံးပစ်နှင့် သံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု ရရှိခဲ့သည့် အားကစားသမား မောင်အောင်ဘုန်းမြတ်ကို လည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ အသင်းလိုက် မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုနှင့် မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု ရရှိခဲ့သည့် အားကစားသမား အရာခံဗိုလ်ကျော်ကျော်ဝင်းကို လည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် သံပြားပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည့် အားကစားသမား ဒုတပ်ကြပ်ဇော်မင်းလွင်ကို လည်းကောင်း၊ ရေကူးအားကစားနည်းမှ မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲနှင့် မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည့် အားကစားသမား မောင်အောင်ဖုန်းကို လည်းကောင်း၊ ရေကူးအားကစားနည်းမှ မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် မီတာ ၅၀ လိပ်ပြာကူး ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည့် အားကစားသမား မောင်ကျော်ထူးကို လည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ လုံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် သံလုံးပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု ရရှိခဲ့သည့် အားကစားသမား တပ်ကြပ်တင်ညိုကို လည်းကောင်း၊ ရေကူးအားကစားနည်းမှ မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု ရရှိခဲ့သည့် အားကစားသမား မောင်နန္ဒာစိုးမင်းကို လည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ငွေတံဆိပ်ဆုရရှိခဲ့ကြသည့် ပြေးခုန်ပစ်အားကစားနည်းမှ မီတာ ၁၀၀ အပြေးပြိုင်ပွဲနှင့် အလျားခုန်ပြိုင်ပွဲတွင် ငွေတံဆိပ်နှစ်ခု ရရှိခဲ့သည့် အားကစားသမား မလော်လာဝင်းကို လည်းကောင်း၊ အလေးမအားကစားနည်းမှ ၈၆ ကီလိုတန်းပြိုင်ပွဲနှင့် အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်မှုတွင် ငွေတံဆိပ်နှစ်ခု ရရှိခဲ့သည့် အားကစားသမား မငြိမ်းစန္ဒာအောင်ကို လည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ သံလုံးပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ လုံတံပစ်နှင့် သံပြားပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်နှစ်ခု ရရှိခဲ့သည့် အားကစားသမား ဒုတပ်ကြပ်အောင်ထွန်းလင်းကို လည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ လုံတံပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုနှင့် အမြင့်ခုန်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု ရရှိခဲ့သည့် ဒုတပ်ကြပ်စိုးသန်းကို လည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုနှင့် မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု ရရှိခဲ့သည့် အားကစားသမား မနန္ဒာလင်းကို လည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်တို့က ငွေတံဆိပ်၊ ကြေးတံဆိပ်ရရှိကြသည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ အုပ်ချုပ်မှုအဖွဲ့နှင့် နည်းပြများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ကြိုးစားယှဉ်ပြိုင်သွားမည်**

ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရ အားကစားသမားများကိုယ်စား ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ်နှစ်ခုနှင့် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည့် အားကစားသမား ဒုတပ်ကြပ်စိုးပေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာ ယခုပြိုင်ပွဲတွင် အောင်မြင်မှုများဆွတ်ခူးနိုင်စေရန် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အုပ်ချုပ်သူ/ နည်းပြများ၏ သွန်သင်ဆုံးမမှုများဖြင့် လေ့ကျင့်မှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်ခဲ့ပါကြောင်း၊ အဆိုပါရလဒ်များကြောင့် အခြားသောနိုင်ငံများမှ ပြိုင်ပွဲဝင် အားကစားသမားများနှင့်အတူ ယှဉ်ပြိုင်ရာတွင် ပြိုင်ဘက်အသင်းများကို အနိုင်ရရှိအောင် ကစားနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် အားကစားသမားများကို ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုချီးမြှင့်ပေးသည့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကို ဆုရရှိသည့် အားကစားသမားများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ နောင်နှစ်များတွင် ကျင်းပမည့် မသန်စွမ်း အားကစားပြိုင်ပွဲများတွင် မိမိတို့၏ မသန်စွမ်းများသည် **"မသန်လည်းလူ၊ သန်လည်းလူ၊ စွမ်းဆောင်နိုင်မှုသာအဓိက"**ဆိုသည့် အချက်ကို သက်သေပြရင်း နိုင်ငံကိုယ်စားပြုပြီး ယခုထက်ဆုတံဆိပ်များ ပိုမိုဆွတ်ခူးရရှိနိုင်အောင် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**☆ ဆုတံဆိပ်ရ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကလည်း မိမိတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးပမ်းအားထုတ်လေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင်မခံအရှုံးမပေးသည့်စိတ်ဓာတ်များနှင့် ပေါင်းစပ်ပြီး နောင်လာမည့် နိုင်ငံတကာပြိုင်ပွဲများတွင် ယခုထက် ပိုမိုအောင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားကြရန်၊ အထူးသဖြင့် လာမည့် ၂၀၂၃ ခုနှစ် ဇွန် ၃ ရက်မှ ၉ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကြီးတွင် ဆုတံဆိပ်သာမက နိုင်ငံအလိုက် အဆင့်ပါ အောင်မြင်မှုရရှိရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ရေကုန်ရေခန်း ဆက်လက်အားထုတ်ကြိုးပမ်း**

# ပြောရဦးမယ်

**ဗညားကျန်းထော**

**ပြောစေချင်လို့ ပြောရဦးမယ်**

"ပြောစကား နားမထောင်ဘူး"။ "ပြောလို့မရဘူး" ဆိုတဲ့သူတွေကိုပဲ စိတ်ရှည်သည်းခံ၊ ဖွဲသန်သန်နဲ့ အဖန်ဖန်အထပ်ထပ် မေတ္တာစေတနာ အပြည့်အဝနဲ့ ပြောနေပါဦး၊ ပြောလိုက်ပါဦး၊ ဆက်ပြောပါဦးလို့ အားပေးပါရစေ။ ဖွဲ့တော့လိုတာပေါ့။

ပြောစကားနားမထောင်သူကို နားထောင်အောင်ပြောဖို့ရာက သင်ကော၊ ကျွန်ုပ်ပါ အားလုံးရဲ့တာဝန်ပဲ။ ကျွန်တော်တို့အကြိမ်ကြိမ် အခါခါ ပြောဖန်များခဲ့လို့ အရင်က လက်နက်ကိုင်မယ်၊ တောခိုမယ်၊ သူပုန်ထမယ်ဆိုတဲ့ လူငယ်လေးအချို့ဟာ နားဝင်သဘောပေါက်လာခဲ့ကြပြီပဲ။ အကျိုးရှိပါတယ်။

**"ဆရာ၊ ဆရာမတွေကို သတ်တာတော့ မှားတယ်"**

**"ရဟန်း၊ သံဃာတော်တွေသတ်ဖြတ်တာတော့ လွန်တယ်"**

**"ဘာမဆိုင် ညာမဆိုင် လူတွေကိုသတ်နေတာ လွဲပြီ"**

**"လူသတ်တာတော့ လုံးဝလက်မခံ"**

ဒီလိုလေသံတွေ လူငယ်ကြားမှာ ကြားနေကြရပြီလေ။ လက်ကိုင်ဖုန်းထဲက ဟုတ်ယောင်ထင်မှတ်ရတဲ့ အမှားမှိုင်းတိုက်မှုတွေကို စိတ်ခံစားမှုနဲ့ပေါင်းစပ်ယုံစားပြီး ဦးနှောက်ဆေးခြင်းလုံးလုံးခံခဲ့ရတဲ့ လူငယ်များစွာဟာ သင်တို့၊ ကျွန်ုပ်တို့ (နိုင်ငံတော်နဲ့ လူသားအချင်းချင်းလူ့ဘဝကို တန်ဖိုးထားသူ) အားလုံးက စိတ်ဝင်တစား စိတ်အားထက်သန် ဆက်ကြိုးစားကြရမှာ မဟုတ်လား။ ဒါကမှ တရားသောတော်လှန်ရေးပဲ။

ပြည်သူ့အကျိုးအတွက် လက်တွေ့ထိရောက်ခဲ့ပြီးသား။

ဟုတ်ပြီ။ သူ့ကို ဘယ်လိုပြောမလဲ။

သာယာချိုသာတဲ့အသံနဲ့ ပြောဆိုပါ။ လေသံဟာ အဓိကပဲ။ တစ်ဖက်သားကို နားထောင်ချင်အောင် ဆွဲဆောင်ရမယ်။ စဉ်းစားကြည့်ပါ။ မောင်မောင်ညွန့်ရဲ့ သီချင်းဆိုဟန်၊ စန္ဒရားချစ်ဆွေရဲ့ ရင်ထဲက ထွက်ပေါ်လာတဲ့ သီဆိုသံ၊ ခင်မောင်တိုးရဲ့ ချိုသာညင်းပျောင်းတဲ့အသံ.... နားဝင်ချိုတာကို သောတရှင်တွေ နှစ်သက်ချစ်ခင်ကြတယ်။ နားခံသာအောင်ပြောရမယ်။ နားဝင်ချောအောင် ပြောဆိုတတ်ပါစေ။

မျက်နှာက ကြည်လင်ရမယ်။

အသံက သာယာချိုသာရမယ်။

**မေတ္တာစေတနာ**

အဲဒါက ဘယ်ကရသလဲ။ နှလုံးသားထဲက စီးဆင်းနေတဲ့ မေတ္တာအအေးဓာတ်က ရတယ်။ ရင်ထဲမှာပူလောင်နေရင် မရဘူး။ ပွက်ပွက်ဆူနေရင် မဖြစ်နိုင်ဘူး။ မကျေမနပ်အလိုမကျတဲ့ အမြင်သဘောထားနဲ့ လှပချိုသာတဲ့ စကားမျိုးဟာ ထွက်မလာနိုင်ဘူး။

ဝမ်းမနည်းပါနဲ့။ လောဘမကြီးပါနဲ့။ ဒေါသသံမပါပါစေနဲ့။ သူတစ်ပါးကို နားဝင်အောင် ပြောဆိုရတာဟာ အနုပညာဆိုဆို၊ အတတ်ပညာဆိုဆို ကျွမ်းကျင်မှုတော့ လိုတာအမှန်ပါ။ နား ထောင်အောင်ပြောမှ တကယ်နားထောင်တယ်။ လွယ်ကူတဲ့အလုပ်တော့ မဟုတ်ပါ။

လူတွေမှာ ရှေ့အာရုံတွေရှိတယ်။ စိတ်ဆိုတာက ကြိုးနဲ့ချည်ထားလို့မှမရတာကိုး။ သူ့စိတ်က အတိတ်ကိုဖြစ်စေ၊ အနာဂတ်ကိုဖြစ်စေ ရောက်နေနိုင်တယ်။ သူ့စိတ်ကို သင့်ရှေ့မှာရောက်လာအောင် အရင်ဆွဲခေါ်နိုင်ရပါမယ်။ သူ့အာရုံထဲက ရှုပ်ထွေးပေပွနေတာကို ပစ်ချထားခဲ့ပြီး သင့်စကားကို သူ့နားအာရုံက နားထောင်တဲ့အာရုံတံခါး ဖွင့်ချင်လာအောင် အရင်ကြိုးစားရပါမယ်။ ဒီအဆင့်မပါဘဲ ပြောချင်ရာပြော၊ ကောင်းချင်သလောက်ကောင်း၊ ဘယ်လောက် တန်ဖိုးရှိရှိ။ သူ့နားထဲတော့ ရောက်ဖွယ်မရှိ။

ဘာကြောင့် နားထောင်ရမှာလဲတဲ့။

ပါးစပ်က ထုတ်မပြောပေမယ့် သူ့စိတ်အခံထဲမှာ ဒီမေးခွန်းက ရှိနေပြီးသား။ ဒီအချက်ကို သင်က သတိမထားဘဲ၊ အရင်အသိအမှတ်မပြုဘဲ သင့်ကိုယ်သင် အမွှမ်းတင်၊ သင့်ကိုယ်ကိုယ် ကြိုတင်ကာကွယ်၊ ကိုယ်စွမ်းပြချင်တာကအရင်ဦးဆုံး ရှေ့ရောက်နေတတ်တယ်။ အောင်မြင်တဲ့ စကားပြောဆိုခြင်းရဲ့သော့ချက်က လူတစ်ဖက်သားရဲ့ စိတ်အာရုံနဲ့ ခံစားချက်ကို အရင်ဦးစားပေး စဉ်းစားတတ်ပါစေဆိုတဲ့ အချက်ပါပဲ။ နိဝါတမင်္ဂလာ။ မိမိက နောက်ကနေပါ။

**လေးစားပါ**

အကယ်၍ သူ့ကို တန်ဖိုးမထားတာမျိုး(မသိမသာနှိမ်ချင်တာမျိုး) လေသံ၊ ဟန်ပန်၊ ရပ်ပုံ၊ ထိုင်ပုံ၊ သူ့ကိုကြည့်ပုံတွေ၊ သူက ခံစားနားလည်နှင့်နေပြီ။ စကားအဖက်လုပ် ပြောချင်စိတ်ကို ကုန်ခန်းစေလိုက်ပြီ။ ဒါဆိုရင် သင်ပြောနေသမျှတွေဟာ သဲထဲရေသွန်ဖြစ်ပေလိမ့်မယ်။ ဒီတော့ အဓိကကျတဲ့ ရွှေသော့ကတော့ သူနားထောင်ချင်အောင် ပြောတတ်ခြင်းပါပဲ။ စိတ်ပညာလို့ ပြောချင်ပြော၊ လူမှုဆက်ဆံရေး အနုပညာလို့ ပြောချင်ပြော အောင်မြင်စေတဲ့နည်းနာသဘောပါ။ ပြောမယ်ဆိုရင် နားထောင်ချင်အောင်ပြော၊ ရောင်းမယ်ဆိုရင် ဝယ်ချင်အောင်ရောင်း၊ ခေါ်မယ်ဆိုရင် လာချင်အောင် ခေါ်၊ ခိုင်းမယ်ဆိုရင် လုပ်ချင်အောင်ခိုင်း၊ ပေးမယ်ဆိုရင် ယူချင်အောင်ပေး၊ ကျွေးမယ်ဆိုရင်လည်း စားချင်အောင် သေသေချာချာပြင်ကျွေး။

"ငါပြောတာပဲ နားထောင်ရမှာပေါ့" အပေါ်စီးလေသံနဲ့ ဒီလိုမျိုးဆက်ဆံရင် လူမဆိုထားနဲ့ ခွေး၊ နွား၊ မြင်း၊ ဆင် တိရစ္ဆာန်တွေတောင် လက်မခံချင်ဘူး။ သူ့ကိုတန်ဖိုးထားတဲ့ မေတ္တာစိတ်နဲ့ဆက်ဆံမှ လက်ခံတာလေ။ မေတ္တာပါမှ အဆင်ပြေ။

> **"သူတစ်ဖက်သားကို ကိုယ့်အလိုပါအောင် ဆွဲဆောင်သိမ်းသွင်း စည်းရုံးတာဟာ နှလုံးရည်ပါပဲ။ သင်တို့ ကျွန်ုပ်တို့သာမန်ပြည်သူတွေ ကိုယ်တိုင်က နိုင်ငံတော်သာယာရေး၊ နိုင်ငံတော်ဖွံ့ဖြိုးရေး၊ နိုင်ငံတော်တိုးတက်စည်ပင် အောင်မြင်ရေးကို ကျရာကဏ္ဍက ပြည်သူပြည်သားကောင်းများအဖြစ်ပါဝင်ဖို့ တာဝန်ကျရောက်နေတဲ့ (အရေးကြီးလှတဲ့) ယနေ့ အခြေအနေမျိုးမှာ စကားကို အောင်မြင်ထိရောက်အောင် ပြောတတ်ဖို့ လိုအပ်နေပါတယ်။"**

ပြောစကားနားထောင်ဖို့ဆိုတာ သူ့ရဲ့စိတ်သဘောအမြင်ကို ပြောင်းစေချင်တာ မဟုတ်လား။ မှားနေတဲ့ သူ့အယူအဆကို ဆေးလျှော်ပေးရမှာ။ လွဲနေတဲ့ သူ့ရှုထောင့်ကို နိုင်ငံ၊ လူမျိုး ကောင်းကျိုးဘက်ကိုရောက်လာအောင် မီးမောင်းထိုးပြရမှာလေ။ အမှောင်ဘက်ကနေ အဖျက်စိတ်တွေဝင်ပြီး တိုင်းပြည်ကို ဖြိုဖျက်ဖို့အထိ စိတ်ရိုင်းဝင်အောင် သွေးထိုးလှုံ့ဆော်ထားလို့ သွေးကွဲနေကြတာ မဟုတ်လား။ မီးကို ရေနဲ့လောင်းပြီး ငြိမ်းသတ်ရမှာ။ ရေများများလောင်း။ နိုင်အောင်လောင်း။

**သူ့ကိုနားလည်ပါ**

စိတ်ကိုပြောင်းစေချင်ရင် သင့်အပေါ်နားလည်လာအောင်၊ သင့်ကို ယုံကြည်လာအောင် (ပုဂ္ဂိုလ်ခင်မှ တရားမင်တယ်)၊ သင်ပြောတဲ့စကားကို နားလည်လက်ခံလာအောင်၊ အရင်ဦးဆုံး သင်နဲ့ မျက်လုံးချင်းဆုံပြီး ယုံယုံကြည်ကြည် ခင်ခင်မင်မင် ပြောနိုင်အောင် ကြိုးစားပါ။ မေတ္တာစွမ်းအားကို အသေအချာယုံကြည်ပါ။

၁။ နားလည်မှုအပြန်အလှန်ရှိရမယ် (Understand)၊

၂။ ဆက်သွယ်မှုရရှိရမယ် (Contact)၊

၃။ စိတ်ဝင်စားမှုပါရမယ် (Interest)။

သူပြောတာကို ကိုယ်ကလည်း စိတ်ဝင်တစားနားထောင်နိုင်ရမယ်။ စိတ်ရှည်ရမယ်။ သည်းခံနိုင်ရမယ်။

သူ့မျက်လုံး၊ သူ့မျက်နှာ၊ ခန္ဓာကိုယ်နေပုံထိုင်ပုံ၊ လက်တို့ခြေထောက်တို့ထားပုံ၊ အနေအထား၊ ဟန်ပန်၊ အမူအရာ၊ လေသံ၊ သူမပြောပေမယ့် လက္ခဏာဖတ်ကြည့်ရင် သိရှိနိုင်တဲ့ အဓိပ္ပာယ်တွေ ရရှိနိုင်ပါတယ်။ ကြည့်ပြီး သိနေရမယ်။ မျက်ခြည်မပြတ် အကဲခတ်။

**အချိန်ပေး**

သူ့အခြေအနေကို နားလည်အောင် အချိန်ပေးပြီးလေ့လာပါ။ ကြည့်ပါ၊ ရှုမှတ်ပါ၊ စိတ်ဝင်စားပါ။ အဲဒီအခါမှာ သူ့ကိုစကားပြောတဲ့အချိန်ကျရင် နိဒါန်းဘယ်လိုပျိုးမယ်။ စာကိုယ်ဘာတွေပြောမယ်။ နိဂုံး ဘယ်လိုအပြီးသတ်ရမယ်ဆိုတာ အကောင်းဆုံးပြင်ဆင်၊ လေ့ကျင့်၊ ဇာတ်တိုက်လို့ရပြီ။

သူနဲ့ ဆီလျော်မယ့် အဖွင့်စကားက သူ့ရဲ့ယာယီစိတ်အခြေအနေ (mood) အပေါ် မူတည်နေတယ်။ အပြန်အလှန် သံစဉ် Key ကိုက်အောင် ကိုယ့်ဘက်က လိုက်လျောသင့်ရင် လိုက်လျောရမယ်။ ကီးမကိုက်ရင် ဆက်ဆိုဖို့ မလွယ်ဘူး။ အသံကြောင်တွေပဲ ထွက်လာမယ်။ ဟုတ်ပြီ အံကျမယ့်စကားနဲ့ ဖွင့်နိုင်ပြီဆိုပါစို့။ မှန်ကန်တဲ့အစကို ဆွဲမိပြီဆိုရင် သူဟာကိုယ့်ဘက်ပါလာဖို့ ရာနှုန်းပြည့်နီးပါး သေချာနေပြီ။ (ပြည်သူတွေပါဝင်လေ ငြိမ်းချမ်းရေးအောင်မြင်လေလေ။) သူ့ကိုစကားမစခင် သူ့အကြောင်းကို ချေးခါး အူမမကျန်စေ့စေ့စပ်စပ်သိထားလေလေ ကောင်းလေလေပဲ။ သူပါးစပ်မဟခင်က သူ့မှာ အူဘယ်နှခွေ ဝမ်းထဲမှာရှိသလဲကြိုသိနေရင် စကားပြောရတာ ပိုအဆင်ပြေတယ်။ အပေးအယူ အဆင်ပြေတာပေါ့။ အချိန်ထုကို အသုံးချပါ။ ဝီရိယစိုက်ပါ။ ကိုယ်ကစပြီး လေ့လာထားရမယ်။ စုဆောင်းမှတ်သားရမယ်။ နားလည်အောင် ရှေးဦးစွာပြင်ဆင်ရမယ်။

အောင်မြင်မှုဆိုတာ ဘယ်လောက်စေ့စေ့စပ်စပ် ကြိုတင်ပြင်ဆင်သလဲဆိုတဲ့အချက်က အဖြေထွက်တာလေ။

**နားထောင်ပါ**

ကိုယ်ပြောတဲ့စကားကို သူတစ်ပါးနားဝင်အောင်၊ နားထောင်ချင်အောင် ပြောတတ်ဖို့၊ ပြောနိုင်ဖို့ဆိုတာ မိမိကိုယ်တိုင်က နားထောင်တတ်သူဖြစ်ဖို့လိုပါတယ်။ နားထောင်ခြင်းနဲ့ ပတ်သက်တဲ့အကြောင်းအရာက တော်တော်အရေးကြီးပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်ကို ၁၁ နှစ် ထမ်းဆောင်သွားခဲ့ပြီး ကိုယ့်နိုင်ငံမှာလည်း ကျောင်းဆရာ၊ ကျောင်းအုပ်ဆရာကြီး၊ သတင်းစာဆရာ၊ ပြန်ကြားရေးညွှန်ကြားရေးဝန်၊ သံအမတ် စတဲ့တာဝန်တွေထမ်းရွက်ခဲ့တဲ့ ဦးသန့် (၁၉၀၉-၁၉၇၄)၊ လူထုသတင်းစာ၊ ကြီးပွားရေးဂျာနယ် စသဖြင့် ဦးစီးထုတ်ဝေခဲ့ပြီး စာပေဆုတွေလည်း ချီးမြှင့်ခံရတဲ့ သတင်းစာဆရာ လူထုဦးလှ (၁၉၁ဝ-၁၉၈၂) စတဲ့ ပညာရှိပုဂ္ဂိုလ်ကြီးများပင် 'ကောင်းစွာနားထောင်တတ်ပါစေ' ဆိုတဲ့ ဆောင်းပါးတွေကို အလေးထားပြီး ရေးသားခဲ့ကြဖူးတာကို ဖတ်မိပါတယ်။ သူတစ်ဖက်သားကို ကိုယ့်အလိုပါအောင် ဆွဲဆောင်သိမ်းသွင်း စည်းရုံးတာဟာ နှလုံးရည်ပါပဲ။ သင်တို့ ကျွန်ုပ်တို့သာမန်ပြည်သူတွေ ကိုယ်တိုင်က နိုင်ငံတော်သာယာရေး၊ နိုင်ငံတော်ဖွံ့ဖြိုးရေး၊ နိုင်ငံတော်တိုးတက်စည်ပင် အောင်မြင်ရေးကို ကျရာကဏ္ဍက ပြည်သူပြည်သားကောင်းများအဖြစ်ပါဝင်ဖို့ တာဝန်ကျရောက်နေတဲ့ (အရေးကြီးလှတဲ့) ယနေ့အခြေအနေမျိုးမှာ စကားကို အောင်မြင်ထိရောက်အောင် ပြောတတ်ဖို့ လိုအပ်နေပါတယ်။

ပြည်သူတွေရဲ့အခန်းကဏ္ဍအဓိကကျတဲ့ ဒီမိုကရေစီစနစ်တည်ဆောက်နေကြချိန်မှာ တာဝန်သိတဲ့၊ နှလုံးရည်ပြည့်ဝတဲ့ ပြည်သူတွေနဲ့မှ အောင်မြင်ကြပေမယ်။

**အန္တရာယ်**

အ, အ အိပ်မက် မက်သလိုမျိုး ကိုယ့်စိတ်ထဲက သိမြင်နားလည်ထားပေမယ့် လမ်းချော်မှားယွင်းနေရှာကြတဲ့ လူငယ်လေးအချို့ကို အမှားသိမြင် အမှန်ပြုပြင်လာအောင် ပြောတတ်ဆိုတတ်၊ ပြောနိုင်ဆိုနိုင် မရှိကြရင်တော့ နိုင်ငံနဲ့လူမျိုးဟာ ရေတိမ်နစ်ဖွယ်ရာရှိပါတယ်။ အန္တရာယ်ဘေးရန်တွေက ဝိုင်းရန်ထားသလိုပဲ။

နားလည်အောင်၊ နားဝင်အောင်၊ အမှန်မြင်အောင် ဆွဲဆောင်စည်းရုံးကြဖို့ဆိုတာက မိမိကိုယ်တိုင် သဲသဲကွဲကွဲ ထင်ထင်ရှားရှား သိမြင်သဘောပေါက်တဲ့ ဝမ်းစာဗဟုသုတ အကြားအမြင်လည်း (ကမ္ဘာကြည့်ကြည့်မြင်) ပြည့်စုံဖို့တော့ လိုတာပေါ့။ ဒါကတော့ မခက်ခဲပါဘူး။ နေ့စဉ် သတင်းစာဖတ်၊ တီဗွီကြည့်၊ ရေဒီယိုနားထောင်ရင် ရနိုင်တာပါပဲ။ လိမ်ညာမုသားစကားတွေနဲ့ အသိအမြင် လွဲမှားအောင် သတင်းတု၊ သတင်းယောင်တွေကို အသုံးပြုမှိုင်းတိုက်နေတဲ့ ဘေးရန်ကို မိမိကိုယ်တိုင်လည်း သတိသမ္ပဇဉ်ဉာဏ်နဲ့ ယှဉ်နိုင်ကြပါစေ။ မတူညီတဲ့ ဝါဝါ၊ နီနီ၊ စိမ်းစိမ်း အရောင်ဘယ်လိုပဲကွဲပါစေ တိုင်းပြည်အေးချမ်းလုံခြုံအောင် နှလုံးရည်ပြည့်ဝတဲ့ ပြည်သူတွေ နေရာတိုင်း၊ ရပ်ရွာတိုင်း၊ မြို့နယ်တိုင်းမှာ လိုနေပါတယ်၊ အသိဉာဏ်ပညာ ဗဟုသုတခွန်အားနဲ့ အမှောင်ထဲမှာ လဲကျနေရှာသူတွေကို ရဲရဲရင့်ရင့် ကယ်တင်ဖို့ အလင်းဖြာဖြန့်ဝေနိုင်ကြပါစေ......။

မလွဲမသွေ အောင်မြင်ပါစေ....။ ။

■

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မုံရွာ ဩဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး တရားသူကြီး ဦးဇော်ထူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့ သလ္လာဝတီရပ်ကွက်ရှိ ကန်သာယာ အနောက်ဘက်ကန်မှ ချင်းတွင်းမြစ်အတွင်းသို့ ရေဆိုးထုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က လုပ်ငန်းများဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ရေစီးရေလာကောင်းမွန်စေရေး မြောင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နန္ဒဝန်ရပ်ကွက်ရှိ မြို့ပြနှင့် အိုးအိမ်ဦးစီးဌာန၊ နန္ဒဝန်အိမ်ရာတွင် ချင်းတွင်းအားမာန်ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေသော လေးခန်းတွဲ ငါးထပ် ဝန်ထမ်းအိမ်ရာတည်ဆောက်ရေး ရှင်းလင်းဆောင်သို့ရောက်ရှိရာ တိုင်းဒေသကြီး မြို့ပြနှင့်အိုးအိမ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာတို့က တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှုလုပ်ငန်းများအား စံချိန်စံညွှန်းမီ သန့်ရှင်းသပ်ရပ်စွာ အရည်အသွေးကောင်းမွန်စွာဖြင့် အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးပြည့်မီစွာ ရရှိရေးတို့နှင့် ပတ်သက်၍ မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လေးခန်းတွဲ ငါးထပ် ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၀

စိုက်ပျိုးမြေများကို ထိထိရောက်ရောက် အသုံးချကာ သီးထပ်သီးညှပ်များ တိုးမြှင့်စိုက်ပျိုးရေး၊ အရည်အသွေးမြင့်မားသည့် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရေး၊ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးလာရေးအတွက် ဌာန၊ တောင်သူနှင့် ပုဂ္ဂလိက ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက် ကြစေလိုကြောင်း ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ ဧည့်ရိပ်သာ၌ ပြည်နယ်၊ ခရိုင်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများရှိ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဆွေးနွေးပြောကြားသည်။

## မျှော်မှန်းဆောင်ရွက်

ထို့နောက် ဒုတိယဝန်ကြီးသည် လားရှိုးခရိုင် လားရှိုးမြို့နယ် ကောင်းကြဲ(အီ) ကျေးရွာအုပ်စု နမ့်မော်စင်ကျေးရွာရှိ ခမ်းရွှေတိရစ္ဆာန်အစာစက်ရုံသို့ ရောက်ရှိပြီး စက်ရုံကုန်ကြမ်းရရှိရေးအတွက်တောင်သူများနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝမြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရေး မျှော်မှန်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး တိရစ္ဆာန် အစာမြက်ချဉ်ဖတ်ထုတ်လုပ်မှုနေကို ကြည့်ရှုအားပေးသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးသိပ္ပံကျောင်းအသစ် တည်ဆောက်မည့် လားရှိုးမြို့နယ် မန်ပျဉ်ကျေးရွာအုပ်စုအနီး မြေနေရာ လျာထားမှု၊ သောက်သုံးရေလျာထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၊ အထွေထွေအကောက်ခွန် အာဏာပိုင်အဖွဲ့ (GACC)တို့ သဘောတူလက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်များနှင့်အညီ ကျွဲနွားအရှင်များ တရားဝင်တင်ပို့နိုင်ရန် စီမံဆောင်ရွက်ထားသည့် စစ်ဆေးရေးစခန်းနှင့် ခွာနာလျှာနာရောဂါကင်းရှင်းဇုန်၊ ကာကွယ်ဇုန်နှင့် ထိန်းချုပ်ဇုန် (Animal Quarantine Station–AQS)များ၏ လုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်နှင့် ရောဂါရှာဖွေဖော်ထုတ်ခွဲခြင်း လုပ်ငန်းများစံနှုန်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကလေးခရိုင်အတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်မှု ရာနှုန်းပြည့်မီကျော်လွန်

ကလေး ဩဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုးထွန်းနှင့် ဝန်ထမ်းများသည် ကလေးခရိုင်အတွင်းရှိ ကလေး၊ ကလေးဝနှင့် မင်းကင်းမြို့နယ်များတွင် နေထိုင်ကြသည့် ပြည်သူများအတွက် ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းပြုစုခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးမှုများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ဌာန၏သတ်မှတ်လျာထားချက် ရာနှုန်းပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် ကလေးမြို့နယ်တွင် ၁၂၅၇ ဦး၊ ကလေးဝမြို့နယ်တွင် ၂၃၅၉ ဦး၊ မင်းကင်းမြို့နယ်တွင် ၄၂၃၂ ဦးတို့ကို မှတ်ပုံတင်ကတ်များ ဆောင်ရွက်ပေးရန်လျာထားခဲ့ရာ ကလေးမြို့နယ်တွင် ၁၂၈၆၇ ဦး၊ ကလေးဝမြို့နယ်တွင် ၂၃၉၀ နှင့် မင်းကင်းမြို့နယ်တွင် ၄၂၃၂ ဦး ဆောင်ရွက်ပေးနိုင်ခဲ့သောကြောင့် ၁၁၆ ဒသမ ၂၄ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ယခုပန်းခင်းစီမံချက်အဆင့်(၂)ကာလသည် ၃-၅-၂၀၂၁ မှ ၃-၁-၂၀၂၃ အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဇလွန်မြို့နယ်၌ မိုးစပါးနှင့် ဆောင်းသီးနှံ(နေကြာ) အထွက်နှုန်းတိုးတက်မြင့်မားရေး နည်းပညာပေးဆွေးနွေး

ဇလွန် ဩဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီက ၂၀၂၂ ခုနှစ် မိုးစပါးတစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ ဆောင်းသီးနှံ(နေကြာ) စိုက်ဧကပြည့်မီရေးနှင့် အထွက်နှုန်းတိုးတက်မြင့်မားရေး တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မေရီလန်းကျေးရွာအုပ်စု စိုက်ပျိုးရေးဦးစီးဌာန နည်းပညာပြန့်ပွားရေးစင်တာတွင် ကျင်းပသည်။



## အသိပညာပေးဆွေးနွေး

တောင်သူနည်းပညာပေးဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ကျော်စိုးက မိုးစပါးတစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် အပင်ပွားစီးချိန်ကာလတွင် ပေါင်းမြက်ကင်းစင်ရေး၊ သွင်းအားစုမြေသြဇာအချိန်ကိုက်အချိုးကျသုံးစွဲရေးနှင့် ပိုးမွှားရောဂါများကို စဉ်ဆက်မပြတ် ကြည့်ရှုစစ်ဆေး၍ ကာကွယ်နှိမ်နင်းရန် လိုအပ်ကြောင်း၊ GAP နည်းစနစ်ကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် လိုက်နာကျင့်သုံးခြင်းဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားမည် ဖြစ်ကြောင်း၊ ဆောင်းသီးနှံ(နေကြာ) စိုက်ဧကပြည့်မီရေးနှင့် အထွက်နှုန်းတိုးတက်မြင့်မားရေး သွင်းအားစုမြေသြဇာနှင့် ရေသွင်းရေထုတ် စနစ်တကျပြုလုပ်နိုင်ရေးအတွက် သီးသန့်စိုက်ခင်းများ တိုးချဲ့စိုက်ပျိုးသင့်ကြောင်း တောင်သူများအား အသိပညာပေးဆွေးနွေးပြောကြားသည်။

## ရှင်းလင်းပြောကြား

ယင်းနောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးဆယ်မောင်က ဆောင်းသီးနှံ(နေကြာ)စိုက်ပျိုးရန် ရေရရှိရေးနည်းလမ်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဇလွန်မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

မြို့နယ်(ပြန်/ဆက်)

■

# လှာကဒေါင်ကျေးရွာအုပ်စု မွေးမြူရေးဇုန်အဝင်လမ်း ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

ဘားအံ ဩဂုတ် ၂၀

ဘားအံမြို့ရှောင်လမ်းနှင့် ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးတို့ကို ချိတ်ဆက်ပေးထားသည့် ဖြတ်လမ်းတစ်လမ်းဖြစ်သော မွေးမြူရေးဇုန်အဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီခန့်က လှာကဒေါင်ကျေးရွာအုပ်စုရှိ အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။



လမ်းသစ်ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုကဲ့သို့ လှာကဒေါင်မွေးမြူရေးဇုန်ကို အထောက်အကူဖြစ်စေမည့် ကွန်ကရစ်လမ်းသစ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြည့်စုံပြီး ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စရပ်များ အဆင်ပြေချောမွေ့ခြင်း၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ခြင်း၊ မွေးမြူရေးထုတ်ကုန်များ၊ စက်မှုထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ လျင်မြန်စွာပို့ဆောင်နိုင်ခြင်း၊ အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်းအား အထောက်အကူဖြစ်စေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆောက်အအုံများဖြစ်သည့် လမ်း၊ တံတားများ တည်ဆောက်ရာတွင် အတူတကွ ပူးပေါင်း ပါဝင်ကူညီပေးကြရန်နှင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစောကျော်ဝင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးလက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်၊ စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးခင်ဇော်၊ လူမှုရေးဝန်ကြီး ဦးစိုးလွင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်၍ လမ်းအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယနေ့ ဖွင့်လှစ်သည့် ကွန်ကရစ်လမ်းသစ်ကို ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ် ပြည်နယ်အထွေထွေ ပိုလျှံရန်ပုံငွေကျပ် ၂၄၄ ဒသမ ၃၀၉ သန်းဖြင့် ဘားအံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အကျယ် ၁၄ ပေ၊ အရှည် ၄ ဖာလုံနှင့် Box Culvert နှစ်စင်းအား ဆောင်ရွက်ပြီးစီး၍ ယနေ့ဖွင့်ပွဲအခမ်းအနား ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

■

# ပုဂ္ဂလိကသစ်တောစိုက်ခင်းမှ သစ်တောထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် သဘာဝတောမှ ထုတ်လုပ်မှုလျှော့ချနိုင်ရေး အလေးထားဆောင်ရွက်



နေပြည်တော် ဩဂုတ် ၂၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် လှိုင်ရိုးမတောင်ပေါ်ကြိုးဝိုင်း အကွက်အမှတ် (၁၅) အတွင်း သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က တည်ထောင်စိုက်ပျိုးထားရှိသည့် မန်ဂျန်ရှား ၅၃၅ ဧက စိုက်ခင်းအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တာဝန်ရှိသူများအား စိုက်ခင်းများကို ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဆိုင်ရာညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အောင်မြင်အောင် ပြုစုထိန်းသိမ်းသွားရန်၊ အဖိုးတန်စိုက်ခင်းများဖြစ်လာရေး၊ အချိန်မှန် စနစ်တကျ ပင်ကျပ်နုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်၊ စိုက်ခင်းမှ ထွက်ရှိလာမည့် ပင်ကျပ်တိုင်၊ မျောများ တန်ဖိုးမြှင့် သစ်တောထွက် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်များသို့ တင်ပို့နိုင်ရေး ဆောင်ရွက်ရန်၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းမှ သစ်တောထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် သဘာဝတောမှ ထုတ်လုပ်မှုလျှော့ချနိုင်ရေး အလေးထားဆောင်ရွက်ရန်၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဆောင်ရွက်ပေးရန်၊ ပွင့်လင်းရာသီသို့ရောက်ရှိပါက တောမီးအန္တရာယ်ကာကွယ်ရေးကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာနနှင့် အာရှဒေသအဆင့် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း (AFoCO RETC) သို့ရောက်ရှိပြီး သင်တန်းကျောင်းအတွင်းရှိပြခန်း၊ စာသင်ခန်း၊ သင်ထောက်ကူခန်း၊ ဓာတ်ခွဲခန်း၊ စာကြည့်တိုက်၊ အားကစားခန်း၊ စားရိပ်သာနှင့် သင်တန်းသားအိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဌာနလုပ်ငန်းများ ဆောင်ရွက်ရာတွင် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် သင်တန်းများကို အလေးထား ဖွင့်လှစ်ရန်နှင့် သစ်တောကဏ္ဍနှင့် ဆက်စပ်သည့် ဒေသခံပြည်သူများ၏ လူမှုစီးပွားကို အထောက်အကူဖြစ်စေမည့် သင်တန်းများကိုလည်း ထည့်သွင်းဖွင့်လှစ်ရန်နှင့် မီးဘေးလုံခြုံရေးကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ကျောင်းကုန်းမြို့၌ ငါးသယံဇာတတိုးပွားစေရေး ငါးကောင်ရေ ၄၅၀၀၀၀ ငါးမျိုးစိုက်ထည့်

ကျောင်းကုန်း ဩဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ကမ်းနားလမ်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ဒါးကမြစ် သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၂၅၀၀၀၀၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ နှင့် ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၄၅၀၀၀၀ အား ဒါးကမြစ် သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လပွတ္တာမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးများအား ထောက်ပံ့ငွေများ ပေးအပ်

လပွတ္တာ ဩဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ် ဧပြီ၊ မေ၊ ဇွန်လများအတွက် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးများအား ငွေကြေးထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးညွှန့်က ယခု ထောက်ပံ့ပေးအပ်သည့် ငွေကြေးများသည် ဘဝတစ်သက်တာဖွံ့ဖြိုးမှု၏ အရေးကြီးဆုံးလူသားဘဝရက် ၁၀၀၀ ကာလအတွင်း အာဟာရဖွံ့ဖြိုးမှု၊ ကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးရေးနှင့် အာဟာရပြည့်မီရေး၊ ထူးချွန်ထက်မြက်သည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ထောက်ပံ့ရခြင်းဖြစ်ပြီး ကိုယ်ဝန်ဆောင်များအနေဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရန် အထောက်အပံ့ဖြစ်စေရေးအတွက် ပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးညွှန့်က လပွတ္တာမြို့နယ်အတွက် လက်ခံရရှိသည့် ကိုယ်ဝန်ဆောင် ၃၃၅၉ ဦးနှင့် အသက်နှစ်နှစ်အောက် ကလေးငယ် ၆၉၆၇ ဦးအတွက် တစ်လလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၄၄၃ ဒသမ ၁၂ သန်းအား ကိုယ်ဝန်ဆောင်မိခင်များ၊ ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များနှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များသို့ ပေးအပ်ခဲ့ရာ ယင်းတို့မှတစ်ဆင့် မိမိတို့အပိုင်ရပ်ကွက်/ကျေးရွာအုပ်စုများရှိ ကာယကံရှင်များထံသို့ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကျိုက်လတ်မြို့နယ်၌ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပ



ကျိုက်လတ် ဩဂုတ် ၂၀

ဒေသတွင်း ငါးရိက္ခာဖူလုံရေး၊ ငါးသယံဇာတပေါများကြွယ်ဝစေရေးနှင့် အင်းများအတွင်း ငါးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျိုက်လတ်မြစ်နှင့် ကြေးတိုင်အင်းများအတွင်းရှိ သတ်မှတ်နေရာများ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ငါးမြစ်ချင်းကောင်ရေ ၁၁၈၁၇၀ အား ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

၂၀၇

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နမ့်လပ်ချောင်းရေလျှံခြင်းနှင့် ချောင်းပေါင်များကျိုးပေါက်မှု ကြည့်ရှုစစ်ဆေး



ကျိုင်းတုံ ဩဂုတ် ၂၀

ကျိုင်းတုံမြို့၌ ဩဂုတ် ၁၃ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နမ့်လပ်ချောင်း ရေလျှံခြင်းနှင့် နမ့်လပ်ချောင်းပေါင်များ ကျိုးပေါက်ခဲ့သည့်နေရာသို့ ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများက ကျိုင်းတုံမြို့ ကွန်ပျူတာတက္ကသိုလ်တွင် ဆိုင်ကယ်လိုင်စင်များ ဆောင်ရွက်ပေးနေမှုနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုင်းတုံမြို့နယ်ဦးစီးမှူးရုံးမှ(e-ID လုပ်ငန်း) အိမ်ထောင်စုလူဦးရေပုံစံ(၆၆/၆)များကို Software Program အတွင်းသို့ ထည့်သွင်းမည့်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက လုပ်ငန်းများဆောင်ရွက်နေသည့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

ကျိုင်းတုံမြို့နယ်၌ အိမ်ထောင်စုလူဦးရေပုံစံ(၆၆/၆)များ Software program အတွင်း ထည့်သွင်းခြင်းကို ဇူလိုင် ၁၈ ရက်မှ ဩဂုတ် ၁၈ ရက်အထိ ဆောင်ရွက်ခဲ့ရာ အိမ်ထောင်စု ၃၄၁၂ ရှိပြီး ၁၈ ဒသမ ၉၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများနှင့်အဆောင်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၀

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများနေထိုင်သော အိမ်ရာများနှင့် အဆောင်များကို သွားရောက်၍ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။



ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇဗ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဓနသိဒ္ဓိရပ်ကွက်နှင့် ပညာသိဒ္ဓိရပ်ကွက်တို့ရှိ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ နေထိုင်သည့် အိမ်ရာများ၊ လူပျိုနှင့် အပျိုဆောင်များကို သွားရောက်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု၊ ရေနှင့် လျှပ်စစ်သုံးစွဲမှု၊ သီးပင်၊ စားပင်များ စိုက်ပျိုးထားရှိမှု၊ အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်မှု၊ ခြင်နှင့်ပတ်သက်သော ရောဂါများမှ ကာကွယ်နိုင်ရန် ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ထားမှုနှင့် အိမ်ရာနှင့် အဆောင်ပတ်ဝန်းကျင် လုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းများ၏ လူမှုရေး၊ ကျန်းမာရေးနှင့် နေထိုင်ရေးဆိုင်ရာ အခက်အခဲများကို မေးမြန်းပြီး အိမ်ရာစည်းကမ်းများကို လိုက်နာရန်၊ လုံခြုံရေးသတိထားရှိရန်နှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း အသိပညာပေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်စေရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီး ရရှိနိုင်မည့်ကောင်းကျိုးများအကြောင်း သိရှိနိုင်စေရန် ရည်ရွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်း အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်မြို့နယ်) လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ခရိုင်ပြန်/ဆက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်နှင့် ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်၊ အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးမိုးမြင့်တို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံသင့်သည့်အကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အမျိုးအစားများအကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံရမည့်အကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မည်သည့်အသက်အရွယ်မှစတင်ကာ ထိုးနှံပေးသည့်အကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေသည့် ဆောင်ရွက်ချက်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်း အသိပညာပေး သိကောင်းစရာများကို ပြည့်စုံစွာ ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။

ဉာဏ်ဟိန်း

# မိုးနဲမြို့နယ်၌ နေကြာမျိုးစေ့ထုတ်စံပြစိုက်ခင်း စံကွက်ရိတ်သိမ်းခြင်းဆောင်ရွက်

မိုးနဲ ဩဂုတ် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံ မိုးနေကြာ ဆင်းရွှေကြာ-၂ မျိုးစေ့ထုတ် စံပြစိုက်ခင်း စံကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက် ၉ နာရီက မိုက်ဟိုင်းကျေးရွာအုပ်စုဆိုက်ဖယ်ကျေးရွာနေ တောင်သူဦးမောင်မြင့် စိုက်ပျိုးထားသော ယာခင်း သုံးဧက၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နေကြာစံကွက် ရိတ်သိမ်းရာနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်မော်ဦးနှင့် ကွင်းတာဝန်ခံများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးကျော်ဇေယျာမျိုးနှင့် ကွင်းတာဝန်ခံများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

အဆိုပါ စံကွက်ကို ၆၆ ဒသမ ၆၆ စံကွက်ဖြင့် ရိတ်သိမ်းခဲ့ရာ တစ်ဧက အစိုတင်း ၄၈ ဒသမ ၈၁ တင်းထွက်ရှိခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ထွက်ရှိလာမည့် နေကြာမျိုးစေ့များကို စနစ်တကျသိုလှောင်ထားရှိရေး၊ ဆောင်းသီးနှံအတွက် နေကြာမျိုးစေ့များ ဖြန့်ဖြူးပေးနိုင်ရေး၊ နေကြာစိုက်ပျိုးမှုကို ပြည်သူများစိတ်ဝင်စားမှုရှိလာပြီး စိုက်ဧကများ တိုးချဲ့စိုက်ပျိုးသွားနိုင်ရေးနှင့် နေကြာစိုက်ပျိုးလိုသူ တောင်သူများရှိလာပါက မျိုးဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မိုးနဲမြို့နယ်တွင် ဆီထွက်သီးနှံ နေကြာ မျိုးစေ့ထုတ်စိုက်ခင်း အပါအဝင် စိုက်ပျိုးမှု ဧက ၅၂ ဧက စိုက်ပျိုးထားရှိပြီး နေကြာပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မျိုးစေ့နှင့် လိုအပ်သော နည်းပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)





# နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် အရည်အသွေးမီ စားအုန်းဆီများ ဈေးနှုန်းမှန်ကန်ချိုသာစွာဖြင့် ရောင်းချပေး

နေပြည်တော် ဩဂုတ် ၂၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ စီစဉ်မှုဖြင့် ပြည်သူများ အရည်အသွေးမီ စားအုန်းဆီများ ဈေးနှုန်း မှန်ကန်ချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာ Diamond Dragon Co.,Ltd. မှ အရည်အသွေးမီ စားအုန်းဆီများကို ယနေ့နံနက်ပိုင်းက နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် မော်တော်ယာဉ်များဖြင့် လာရောက်ရောင်းချပေးသည်။

အဆိုပါ စားအုန်းဆီများကို တစ်ပိဿာလျှင် ငွေကျပ် ၅၃၀၀ နှုန်းဖြင့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစု ၁၅၀၀ အတွက် စုစုပေါင်း ပိဿာ ၃၀၀၀ ကို ရောင်းချပေးသကဲ့သို့ နေပြည်တော်ရှိ အခြားဝန်ကြီးဌာနများ၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအတွက်လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

(ယမန်နေ့မှအဆက်)

ဆက်လက်၍ ပြည်ဖျက်မီဒီယာများ၏ သတင်းမှားထုတ်လွှင့်မှု၊ သတင်းမှန်များကို ဖုံးကွယ်မှုကြောင့် မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေနှင့် အဖြစ်မှန်ကို မသိဘဲဖြစ်နေကြသည့် နိုင်ငံတကာ၏ လက်တွေ့အခြေအနေများကို ပြောလိုကြောင်း၊ မကြာသေးမီက နိုင်ငံတော်အဆင့် ဧည့်သည်တော်တစ်ယောက် မြန်မာနိုင်ငံကို ရောက်လာကြောင်း၊ ၎င်းတို့နိုင်ငံ၏ မီဒီယာများက ဖော်ပြချက်၊ အခြားပြည်ဖျက်မီဒီယာများ၏ ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် အခြေအနေတော်တော်ဆိုးနေပြီ၊ ရန်ကုန်၊ နေပြည်တော်ကဲ့သို့ သောဒေသများတွင်ပင် လူများ မသွားရဲ၊ မလာရဲဖြစ်နေပြီ၊ ပစ်ခတ်တိုက်ခိုက်မှုများ အချိန်ပြည့်ဖြစ်နေပြီ၊ မည်သည့်နေရာမျှ မလုံခြုံတော့ဟူ၍ ထင်မိသည်ဟုပြောကြောင်း၊ ယခုရောက်လာသည့်အခါတွင် တခြားစီဖြစ်နေကြောင်း၊ ရန်ကုန်လေဆိပ်မှ မြို့ထဲသွားသည့်အခါတွင်လည်း ပုံမှန်ဖြစ်ပြီး ရန်ကုန်မှ နေပြည်တော်လာသည့်အခါတွင်လည်း ပုံမှန်အတိုင်းဖြစ်သည်ကို လက်တွေ့တွေ့ခဲ့ရကြောင်း၊ ၎င်းတို့အကြား၊ ၎င်းတို့အထင်များ တလွဲဖြစ်နေသည်ကို နိုင်ငံတော်အကြီးအကဲကို ပြောခဲ့ပါကြောင်း။

### မီဒီယာများ၏ လှည့်စားမှုကိုခံနေရ

မိမိတို့နိုင်ငံတွင် စာတတ်မြောက်မှုနှုန်း ၉၀ ရာခိုင်နှုန်းကျော်ရှိပြီး အလယ်အလတ်အဆင့်ဖြစ်ကြောင်း၊ မိမိရည်ညွှန်းပြောဆိုသွားသည့် ဂျပန်နိုင်ငံသည် စာတတ်မြောက်မှုနှုန်းသည် ရာနှုန်းပြည့်ဖြစ်ကြောင်း၊ မိမိတို့လေ့လာထားချက်အရ ပညာရေးစစ်တမ်းများအရ အထက်တန်းပညာပြီးမြောက်၍ တက္ကသိုလ်အဆင့် တက်ရောက်နိုင်သူ ၅၀ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ ယင်းကဲ့သို့သောနိုင်ငံပင်လျှင် မီဒီယာများ၏ လှည့်စားမှုကို ခံနေရသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏လူဦးရေ သုံးပုံတစ်ပုံသည် အလယ်တန်းပညာ မရှိ/မပြီးသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့ကဲ့သို့ အလယ်တန်းပညာရေး အဆင့်နှင့်အောက်သာရှိသူ သုံးပုံတစ်ပုံရှိသည့် နိုင်ငံဆိုလျှင် ဆိုဖွယ်မရှိပါကြောင်း၊ မိမိတို့သွားနေသည်မှာ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပါကြောင်း၊ ယင်းစနစ်တွင် လူတစ်ဦးချင်းစီ၏ ပညာရည်ပြည့်ဝမှုက အရေးကြီးကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် လူတိုင်းပညာသင်ကြားနိုင်ရေး၊ ပညာရည်မြင့်မားရေး အားသွန်ခွန်စိုက် ဆောင်ရွက်နေကြောင်း၊ ယင်းကို မည်သူတို့က နှောင့်ယှက်နေပါသလဲ၊ ပြည်သူလူထု ပညာရည်မြင့်မားလာမည်ကို မည်သူတို့က ကြောက်နေကြပါသလဲ၊ ယင်းကဲ့သို့ ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ထူထောင်လိုသူများ၊ ငါနှင့်မတူ ငါ့ရန်သူဆိုသူများက ကြောက်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်များ၏ ပညာရေးအနာဂတ်ကို နည်းလမ်းပေါင်းစုံနှင့် ဖျက်ဆီးနေခြင်းဖြစ်ကြောင်း။

ဆက်လက်ပြီး စတုတ္ထအချက်အနေဖြင့် ခရိုင် ၅၀ တွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းများကို အခြေခံပညာအထက်တန်းကျောင်းတစ်ခုစီတွင် တွဲဖက်ဖွင့်လှစ်နိုင်မည့်ကိစ္စများကို ပြောမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အခြေခံကျသည့် လူမှုနယ်ပယ်သည် ကျေးလက်ဒေသဖြစ်ကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည်လည်း ကျေးလက်နေပြည်သူများသာဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် အသက်မွေးဝမ်းကျောင်းများကို လုပ်ကိုင်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပြီး အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း။

အုပ်ချုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ခရိုင်များထပ်မံတိုးချဲ့ဖွဲ့စည်းပေးခဲ့သကဲ့သို့ ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်၊ ၎င်းတို့အထဲမှ ထူးချွန်သူများအနေဖြင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံများနှင့် တက္ကသိုလ်များကို ဆက်လက်တက်ရောက်ရန်၊ ယင်းနောက် အခြားဝိဇ္ဇာ၊ သိပ္ပံပညာရပ်များသင်ကြားသည့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ပုံမှန်အတိုင်း ဆက်လက်ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ ခရိုင်ပေါင်း ၁၂၇ ခရိုင်ရှိကြောင်း၊ ပထမအဆင့်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုတွဲဖက်သည့် အထက်တန်းကျောင်းပေါင်း ၅၀ ဖွင့်လှစ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းဖွင့်လှစ်မည့်မြို့များ ရွေးချယ်ရာတွင် ဒေသအတွင်းရှိ စိုက်ပျိုးနေသည့်မြေဧရိယာနှင့် မွေးမြူနေသည့် တိရစ္ဆာန်ယူနစ်များဖြင့် ချိန်ထိုးဆောင်ရွက်မည်ဖြစ်ကြောင်း၊ Grade 9 တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဒေသအခြေအနေ ဦးစားပေးအလိုက် ပထမဦးစားပေးခရိုင် ၅၀၊ ဒုတိယဦးစားပေးခရိုင် ၃၀ နှင့် တတိယဦးစားပေးခရိုင် ၂၀ စုစုပေါင်း ခရိုင် ၁၀၀ တွင်ဖွင့်လှစ်ရန်ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းများဖွင့်လှစ်ရာတွင် ဦးစားပေးအလိုက်ရွေးချယ်ထားသည့် ခရိုင်များတွင် တစ်ဆက်တစ်စပ်တည်း အသုံးပြုနိုင်မည့် ကျောင်းမြေနေရာအကျယ်အဝန်း လုံလောက်မှု၊ ခရိုင်မြို့ သို့မဟုတ် သက်ဆိုင်ရာခရိုင်တွင်းရှိ မြို့နယ်တစ်ခုခု ကျောင်းများတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

> **“မိမိတို့နိုင်ငံ၌ ခရိုင်ပေါင်း ၁၂၇ ခရိုင်ရှိကြောင်း၊ ပထမအဆင့်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုတွဲဖက်သည့် အထက်တန်းကျောင်းပေါင်း ၅၀ ဖွင့်လှစ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းဖွင့်လှစ်မည့်မြို့များ ရွေးချယ်ရာတွင် ဒေသအတွင်းရှိ စိုက်ပျိုးနေသည့်မြေဧရိယာနှင့် မွေးမြူနေသည့် တိရစ္ဆာန်ယူနစ်များဖြင့် ချိန်ထိုးဆောင်ရွက်မည်ဖြစ်ကြောင်း၊ Grade 9 တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဒေသအခြေအနေ ဦးစားပေးအလိုက် ပထမဦးစားပေးခရိုင် ၅၀၊ ဒုတိယဦးစားပေးခရိုင် ၃၀ နှင့် တတိယဦးစားပေးခရိုင် ၂၀ စုစုပေါင်း ခရိုင် ၁၀၀ တွင် ဖွင့်လှစ်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိ”**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌအနေဖြင့် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုး၊ မွေးမြူရေးကိစ္စ၊ နိုင်ငံတော်တည်ဆောက်ရေးတွင် အရေးကြီးသည့် စက်မှု၊ လက်မှုဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ တိုးတက်လာရန်အတွက် အားစိုက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အနာဂတ် မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ကြီးပွားချမ်းသာခြင်းကို လိုလား၍ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ပညာရေးနှင့်အတူ လူမှုစီးပွားဘဝတိုးတက်ရေးကို ယှဉ်တွဲသိရှိစေရန်၊ ယင်းကျောင်းသားများမှတစ်ဆင့် တောင်သူလယ်သမားများကို နည်းပညာမျှဝေပြီး ပိုမိုတိုးတက်စေရန်၊ Pilot Project အဆင့်မှ အဆင့်လိုက် တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်ရန်စသည့် ရည်ရွယ်ချက်များနှင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

### တရားရုံးမှ ဝန်ထမ်းများနှင့် အခြားဝန်ထမ်းများကို ပစ်မှတ်ထား

ဆက်လက်ပြီး နောက်ဆုံးအချက်ဖြစ်သည့် အကြမ်းဖက် NUG နှင့် PDF အဖွဲ့အစည်းများ၏ ဒေသအချို့တွင် ဖြစ်ပွားနေသည့် လုပ်ဆောင်မှုများကို ပြောလိုကြောင်း၊ ပထမဦးဆုံး ရန်ကုန်တိုင်း ပြည်သူ့တပ်မဟာအဖွဲ့ဆိုသည့် ထုတ်ပြန်ချက်ကို ပြောကြားလိုကြောင်း၊ NUG အဖွဲ့က စစ်ရေးအရ ကူညီပံ့ပိုးပေးမည်၊ ဩဂုတ် ၇ ရက်မှစ၍ လှိုင်းသုံးလှိုင်းနှင့် လုပ်မည်စသဖြင့် ပြောကြကြောင်း၊ တရားဥပဒေစိုးမိုးရေးကို တစ်ဖက်တစ်လမ်းက တာဝန်ထမ်းဆောင်နေသည့် တရားရုံးမှ ဝန်ထမ်းများနှင့် အခြားဝန်ထမ်းများကို ပစ်မှတ်ထားခြင်းဖြစ်ကြောင်း၊ ခေတ်စကားနှင့်ပြောရလျှင် “ဘာဖြစ်ချင်နေတာလဲ” ဟု မေးရမည်ဖြစ်ကြောင်း၊ လက်နက်မကိုင်ထားသည့် အရပ်သားပစ်မှတ်များကို ဒလန်ဟုစွပ်စွဲပြီးသတ်၊ သတင်းပေးဟု စွပ်စွဲပြီးသတ်၊ ၎င်းတို့ကို မထောက်ခံလည်းသတ်၊ ကြားနေလည်းသတ်၊ ဝန်ထမ်းလည်းသတ်၊ ကိုးကွယ်ရာ ရဟန်းသံဃာပါမချန် သတ်နေသည်မှာ တော်လှန်ရေးဆိုသည်လားဟု မေးလိုကြောင်း၊ ယခုလည်း သတိထားမိအောင် ပြောလိုကြောင်း၊ ဘာလုပ်မည်၊ ညာလုပ်မည်၊ မနက်ဖြန်ချမည်၊ သဘက်ခါလုပ်မည်ဟု လွှင့်ပါကြောင်း၊ လွှင့်ပြီးပါက နောက်ကကပ်ပါလာသည်မှာ အလှူခံခြင်းဖြစ်ကြောင်း၊ အလှူခံ၍ ငွေရသွားပါက လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းခြင်းခံလိုက်ရသည်ဟုဆိုကာ မြို့ပြကို စွန့်ခွာသွားပြီဖြစ်ကြောင်းကို ဝမ်းနည်းစွာအသိပေးပါသည်ဆိုသည်ဟု ပြောလာသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ “နာမည်ကြီးအစီအစဉ်တစ်ခုထဲကကဲ့သို့ မီးလေးခဏမှိတ်ထားပါ၊ ပြန်လာပါမယ်” ယခုလည်း မီးလေးခဏမှိတ်ထားပါ၊ နောက်ထပ်ခေါင်းစဉ်တစ်ခုဖြင့် ဖလားအသစ်တစ်လုံးကိုင်ပြီး ပြန်လာပါမည်ဆိုသည့်သဘောသာဖြစ်ကြောင်း။

ဆက်လက်ပြီး NUG အဖွဲ့အကြောင်းကို ပြောလိုကြောင်း၊ ၎င်းတို့အသုံးအနှုန်းအရ သမ္မတဆိုသူများ၊ ဝန်ကြီးဆိုသူများပြောနေသည့် ပြည်သူတင်သည့် အစိုးရမှာ ကိုယ်စားပြုမှု မည်မျှရှိသည်၊ NUG ကို ဖွဲ့စည်းပေးလိုက်သည့် CRPH တွင် ပါတီမည်မျှပါသည်၊ ကိုယ်စားလှယ်ဆိုသူ ဘယ်နှယောက်ပါသည် စသဖြင့် ပြောကြကြောင်း၊ ပါသည့်ကိုယ်စားလှယ်များသည် မည်သည့်အချိန်က ကိုယ်စားလှယ်ဖြစ်ခဲ့သည်၊ မည်သည့်ဒေသကို ကိုယ်စားပြုသည်ကို တွေးကြည့်စေလိုကြောင်း၊ ပြည်သူတစ်ရပ်လုံးက ထောက်ခံသည်ဆိုပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မည်မျှက ထောက်ခံနေသည်၊ ပေါင်းနေသည်၊ အကယ်၍ ပေါင်းနေသည်ဆိုပါက ၎င်းတို့အမိန့်ပေးသည်ကို ပေါင်းနေသည်ဆိုသည့် တိုင်းရင်းသားလက်နက်ကိုင်များက လက်ခံပါသလားဆိုသည်ကို သတိပြုစဉ်းစားစေလိုပါကြောင်း၊ သက်တမ်းရှည်နေပြီဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ EAO အဖွဲ့များ မဆိုထားနှင့်၊ မကြာမီကမှပေါ်လာသည့် PDF အမည်ခံ အကြမ်းဖက်ခေါင်းဆောင်တစ်ဦး မီဒီယာများနှင့် တွေ့ဆုံပြောဆိုထားသည်ကို မီဒီယာများ သိပြီးဖြစ်မည်ဖြစ်ကြောင်း ပြောကြား၍ ၎င်း၏ပြောစကား Video File ကို ဖွင့်လှစ်ပြသသည်။

ယင်းခေါင်းဆောင်ဆိုသူသည် စစ်ကိုင်းတိုင်းအတွင်းတွင် အကြမ်းဖက်မှုများကို ဦးဆောင်လုပ်နေသူဖြစ်ကြောင်း၊ ခရီးသည်တင်ကားများကို ပစ်မှတ်ထားပြီး ဆောင်ရွက်နေသူများ၏ခေါင်းဆောင်ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ခိုအောင်းလှုပ်ရှားနေသည့် PDF များသည် ၎င်းတို့ကိုယ်၎င်းတို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဟု သုံးနှုန်းပါကြောင်း၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဟု သုံးနေသူများသည် လမ်းပိတ်ဆို့မှုများကို ပြုလုပ်ပါကြောင်း ပြောကြား၍ ၎င်းတို့ လမ်းပိတ်ဆို့နေသည့်ပုံများကို ပြသသည်။ လမ်းများသုံးလျှင် တာဝန်မယူဟု ခြိမ်းခြောက်ထားကြောင်း၊ ဒေသခံပြည်သူလူထုအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးအတွက် မည်မျှအထိ ထိခိုက်နစ်နာသည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း။

ဆက်လက်၍ ကယားပြည်နယ်အတွင်းက ကြေညာချက်ထုတ်ပြန်ထားသည်ကို ပြောကြားလိုကြောင်း၊ ဒီးမော့ဆိုမြို့နယ်အတွင်း ဩဂုတ် ၉ ရက်တွင် KNDF အမည်ခံပြီး ဒီးမော့ဆိုမြို့နယ်မှ ရွာသူရွာသားများ ရွာများထဲမှ ထွက်ရန်၊ တောထဲရောက်နေသည့် ရွာသူ ရွာသားများကို ရွာထဲပြန်မဝင်ရန်၊ ကိုယ့်တိုင်းရင်းသား၊ ကိုယ့်လူမျိုးများကို ရွာထဲတွင် မနေစေလိုသူ၊ တောထဲနေစေလိုသူက မည်သူဆိုသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏အဖြေသည် အလှူခံရန်အတွက်သာဖြစ်ကြောင်း၊ တိုင်းရင်းသားများ ဒုက္ခရောက်နေအောင် စီစဉ်ပြီးလျှင် တယောသံလေးနှင့် Documentry ရိုက်၊ ဓာတ်ပုံရိုက်ပြီး အလှူခံမည်၊ ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောပြီး အလှူခံမည်၊ ပြည်သူကိုပြပြီး ကျည်ဖိုးတောင်းခြင်းမျိုး လာမည်ဖြစ်ကြောင်း၊ မိမိပြောခဲ့သည့်ပုံစံအတိုင်း Documentry ရိုက်သည်ဖြစ်စေ၊ ဓာတ်ပုံရိုက်သည်ဖြစ်စေ နောက်ဆုံးမြန်မာတိုင်းရင်းသားနှင့် ရုပ်ရည်ဆင်တူသည့် ပြည်ပနိုင်ငံက ဒုက္ခသည်ပုံပဲရရ ၎င်းတို့ဝမ်းသာကြကြောင်း၊ မြန်မာနိုင်ငံ၌ ယခုကဲ့သို့ ဒုက္ခရောက်နေသည်ဟုပြောပြီး နိုင်ငံခြားတိုင်းပြည်တွင် မျက်ရည်ကျပြ၊ သနားပြပြီး အလှူခံသည်ကို တွေ့ရကြောင်း၊ ၎င်းကို ခွက်ခေါက်နည်းအဆင့် (၁)ဟု သတ်မှတ်နိုင်မည်ဖြစ်ကြောင်း၊ ခွက်ခေါက်နည်းပေါင်းများစွာထဲမှ အဆင့်လွန်ခွက်ခေါက်နည်းမှာ အချင်းချင်းခွက်စောင်းခုတ်ခြင်းဖြစ်ကြောင်း၊ အလှူငွေမည်မျှရသည်၊ မည်မျှလှူသည်၊ မည်သည်ကိုလှူသည်ဟု ပြောရန်မလိုသည့်အတွက် အချင်းချင်းထချနေသည်ကို တွေ့ရကြောင်း၊ အားလုံးက သတိထားဆင်ခြင်ကြရန် ပြောကြားသည်။

ထပ်မံဖြည့်စွက်ပြောကြားလိုသည်မှာ သဃ်္ဃန်းကျွန်းဖြစ်စဉ်ဖြစ်ပါကြောင်း၊ ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် သဃ်္ဃန်းကျွန်း လဝကရုံး၌ အကြမ်းဖက်နှစ်ဦးက လဝကဦးစီးမှူးနှင့် ရုံးအဖွဲ့မှတ်ပုံတင်ကိစ္စများဆောင်ရွက်နေသည့် ပြည်သူလူထုထဲကို ဝင်ရောက်ပစ်ခတ်ခဲ့ပါကြောင်း၊ ဦးစီးမှူး သေနတ်ဒဏ်ရာရရှိခဲ့ပြီး ဒုတိယဦးစီးမှူးက ရွပ်ရွပ်ချွံချွံခုခံခဲ့သည်ကို အားလုံးသိပြီးဖြစ်မည်ဖြစ်ကြောင်း၊ ၎င်းမှာ ကျဆုံးခဲ့ပါကြောင်း၊ ဒုတိယဦးစီးမှူး ဦးကျော်မိုးနှင့်ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် နိုင်ငံတော်အစိုးရဝန်ကြီးဌာနအနေဖြင့် ဆက်လက်ပြီး လိုအပ်သည့်စောင့်ရှောက်မှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းတင်ပြရာ (က) ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ကြသူများကို အရေးယူဆောင်ရွက်မှုအခြေအနေ၊ (ခ) မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဖြစ်ကြောင်း။

စာမျက်နှာ ၁၁ သို့☆



အချိုးကျကိုယ်စားပြုစနစ်(PR)နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း။

☆ စာမျက်နှာ ၁၀ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့်ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ လုပ်ငန်းစဉ်(၁)အရ ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲစာရင်းများစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို လုပ်ဆောင်ခဲ့ပါကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များသည် သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ်ပေါင်း ၃၁၅ မြို့နယ်၏ မဲစာရင်းများစစ်ဆေးခြင်းနှင့် မဲလက်မှတ်များ မြေပြင်စစ်ဆေးခြင်း၊ ရွေးကောက်ပွဲဖြစ်စဉ်တစ်ရပ်လုံးနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအပါအဝင် သက်ဆိုင်သူအားလုံးကို တွေ့ဆုံမေးမြန်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါကြောင်း။

ယင်းကဲ့သို့ဆောင်ရွက်ခဲ့ရာ စိစစ်ခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်အသုံးပြုခဲ့သည့် မဲဆန္ဒရှင်စာရင်းများအနက် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရလက်မှတ်မရှိသူများ၊ မဲစာရင်းတွင် နှစ်ကြိမ်၊ သုံးကြိမ်အထက်ပါဝင်ပြီး မဲစာရင်းထပ်နေသူများ၊ အသက် (၁၀၀) နှစ်အထက်နှင့် အသက် (၁၈) နှစ်မပြည့်ဘဲပါသူအစရှိသည့် မဲမသမာမှုပြုနိုင်သည့်မဲဆန္ဒရှင်ပေါင်း **၁၁ ဒသမ ၃ သန်းကျော်၊** မဲဆန္ဒရှင်စုစုပေါင်း၏ **၂၉ ဒသမ ၅၄ ရာခိုင်နှုန်း**ကို စစ်ဆေးတွေ့ရှိရကြောင်း၊ အလားတူ ရွေးကောက်ပွဲတွင်အသုံးပြုခဲ့သည့် မဲလက်မှတ်များကိုစစ်ဆေးရာတွင်လည်း လျော့နည်းပျောက်ဆုံးသည့် မဲလက်မှတ် **၁ ဒသမ ၄ သန်းကျော်**နှင့် အပိုတွေ့ရသည့် မဲလက်မှတ် **၄ ဒသမ ၃ သိန်းကျော်** တွေ့ရှိခဲ့ရကြောင်း။

ထို့အတူ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလဖြစ်စဉ်တစ်ရပ်လုံးအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များအရ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲမဟုတ်ကြောင်း၊ NLD ပါတီအစိုးရအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်တွင် အုပ်ချုပ်ရေးအာဏာနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များကို အလွဲသုံးပြီး နိုင်ငံတော်အာဏာကို မတရားရယူရန် ကြံစည်လုပ်ဆောင်ခဲ့ကြောင်းနှင့် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်လုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည့်အတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၏ရလဒ်ကို ဥပဒေနှင့်အညီ ပယ်ဖျက်ခဲ့ရပြီး ထိုဖြစ်စဉ်တွင်ပါဝင်ပတ်သက်ကျူးလွန်ခဲ့သူများကိုလည်း အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ကြသူများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အရေးယူဆောင်ရွက်ထားရှိသည့် အခြေအနေကို ဆက်လက်တင်ပြမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလတွင် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဖြစ်ပွားခဲ့သည့်အမှုပေါင်း **၁၀၇၇ မှု**ရှိခဲ့ပြီး ၎င်းတို့အနက် ရွေးကောက်ပွဲဥပဒေနှင့် အရေးယူဆောင်ရွက်ခဲ့သည့် အမှု **၅၄၆ မှု** ရှိပါကြောင်း၊ ယင်းအမှုများနှင့်စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ကရရှိသည့် စာရင်းဇယားများအရ တရားစွဲတင်ပြီး **၃၄၅ မှု**၊ ပိတ်သိမ်း**အမှု ၂၀၀** နှင့် ဥပဒေအကြံပြုချက်တောင်းခံဆဲ **တစ်မှု**တို့ဖြစ်ပါကြောင်း။

ထို့အတူ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ကြသည့် သမ္မတဟောင်းနှင့် အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်းနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဟောင်း ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဟောင်းများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပါတီအောင်နိုင်ရေးအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအပါအဝင် ကျူးလွန်သူ**၅၀၅ ဦး**ကိုဥပဒေနှင့်အညီအရေးယူနိုင်ရန် အမှုတွဲ **၃၅၀** ဖြင့် တရားစွဲဆိုရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြီးစီးမှုအနေဖြင့် ကျူးလွန်သူ **၂၃၉ ဦး**ကို အမှုတွဲအရေအတွက် **၁၉၅ မှု**နှင့် တရားစွဲဆိုခဲ့ရာ ပြစ်ဒဏ်ချမှတ်ပြီး **၁၂၁ မှု**နှင့် ပြစ်ဒဏ်ချမှတ်ရန်ကျန် **၇၄ မှု**ဖြစ်ကြောင်း။

အလားတူ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ ကြီးကြပ်ကွပ်ကဲရန် ပျက်ကွက်ခဲ့သည့် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ပေါင်း **၂၄၄၉ ဦး**ကိုလည်း ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ကျူးလွန်သူ **၂၁၉၁ ဦး** ကို အမှုတွဲအရေအတွက် **၃၇၅ မှု**နှင့်တရားစွဲဆိုခဲ့ရာ ပြစ်ဒဏ်ချမှတ်ပြီး **၃၇၄ မှု**နှင့် ပြစ်ဒဏ်ချမှတ်ရန်ကျန် **တစ်မှု**တို့ ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်တစ်ဦးတည်းက မဲနှစ်ကြိမ်ပေးခဲ့ခြင်းများကိုလည်း စိစစ်ဖော်ထုတ်အရေးယူလျက်ရှိပါကြောင်း။

မိမိအလေးထားပြီး တင်ပြလိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁) နိုင်ငံတော်အခြေခံမူများပါ ပြဋ္ဌာန်းချက်များနှင့်အညီ **နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးခြင်း**ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်၏ အခြေခံသည် ရွေးကောက်ပွဲများဖြစ်ပါကြောင်း၊ ယင်းရွေးကောက်ပွဲများသည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ ဥပဒေနှင့်အညီဆောင်ရွက်သည့် သန့်ရှင်းသည့် ရွေးကောက်ပွဲများဖြစ်ရန် လိုပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အနာဂတ်တွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပနိုင်ရန်ရည်ရွယ်ပြီး ယခင်ရွေးကောက်ပွဲတွင် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှု ကျူးလွန်ခဲ့သူများကို အရေးယူခြင်းများနှင့် ကျင်းပခဲ့သည့် ရွေးကောက်ပွဲဖြစ်စဉ်များ၊ အားနည်းချက်များကို သုံးသပ်ပြီး ရွေးကောက်ပွဲစနစ်အပါအဝင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ခြင်းများ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအပါအဝင် သက်ဆိုင်သူအားလုံးသည် ဒီမိုကရေစီအခွင့်အရေးနှင့် မိမိတို့၏တာဝန်များကိုလည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း သိရှိနားလည်ပြီး လေးစားလိုက်နာရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ဆက်လက်ပြီး မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို တင်ပြမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျင်းပမည့် ရွေးကောက်ပွဲတွင် အသုံးပြုမည့်မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်သည့် **“ရွေးကောက်ပွဲကျင်းပသည့်နေ့မှာ အသက် (၁၈) နှစ်ပြည့်ပြီး ဥပဒေပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများ ”** စာရင်းကို ပြုစုနိုင်ရေး၊ မဲပေးခွင့်မရှိသူများ မပါစေရေးနှင့် မဲစာရင်းများမထပ်ရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ စိစစ်ဆောင်ရွက်ရာ သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် အထက်ပါမဲပေးပိုင်ခွင့်ရှိသူများကို ကိုင်ဆောင်သည့် နိုင်ငံသားကတ်၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်၊ အိမ်ထောင်စုစာရင်း ပုံစံ (၆၆/၆) တို့နှင့် တိုက်ဆိုင်စစ်ဆေးပြီးမှသာ မဲစာရင်းတွင် ထည့်သွင်းပြုစုမည်ဖြစ်ပါကြောင်း။

ယင်းကဲ့သို့ဆောင်ရွက်နိုင်ရေးနှင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက် (Pilot Project) ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်ရာ ကနဦးတွေ့ရှိချက်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ထို့နောက် မြေပြင်လူဦးရေစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် တာဝန်ခံကော်မရှင်အဖွဲ့ဝင်များက အနီးကပ်စစ်ဆေးကြပ်မတ်ဆောင်ရွက်ခဲ့ပါကြောင်း။

အထက်ပါ မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို တိုင်းဒေသကြီး / ပြည်နယ်များရှိမြို့နယ်ပေါင်း ၃၂၅ မြို့နယ်တွင် ဆောင်ရွက်ခဲ့ရာ ယခုအခါ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စစ်ဆေးပြီးစီးမှုစာရင်းချုပ်များရရှိပြီးဖြစ်ပါကြောင်း၊ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်အနက် နယ်မြေလုံခြုံရေးအခြေအနေအရ တိုက်ဆိုင်စစ်ဆေးမှုများကို မြို့နယ်တစ်ခုလုံးနှင့် တစ်ခုလုံးနီးပါး ဆောင်ရွက်နိုင်ခြင်းမပြုနိုင်သည့် မြို့နယ်များသည် ကချင်ပြည်နယ် တစ်မြို့နယ်၊ ကယားပြည်နယ် နှစ်မြို့နယ်၊ ကရင်ပြည်နယ် တစ်မြို့နယ်၊ ချင်းပြည်နယ် ရှစ်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ခုနစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီး ခြောက်မြို့နယ်နှင့် ရှမ်းပြည်နယ် သုံးမြို့နယ်ဖြစ်သဖြင့် စုစုပေါင်း ၂၈ မြို့နယ်ဖြစ်ပါကြောင်း၊ တိုက်ဆိုင်စစ်ဆေးမှုများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တစ်ချိန်တည်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စစ်ဆေးပြီးဖြစ်သည့် အခြေခံလူဦးရေ စာရင်းချုပ်များကိုရယူပြီး ကနဦးမဲဆန္ဒရှင်များ စိစစ်ခြင်း(Initial Voter List Scrutinizer – IVLS Software) အသုံးပြုစိစစ်ခြင်းနှင့်တွေ့ရှိချက် မြေပြင်အခြေအနေများကို သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့လျက်ရှိပါကြောင်း၊ မြေပြင်စိစစ်တွေ့ရှိချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများက စစ်ဆေးပြင်ဆင်အတည်ပြုပြီး ပြန်လည်ပေးပို့သည့် စာရင်းများကို ရယူပြီး လစဉ် Update လုပ်ခြင်းကို လာမည့်စက်တင်ဘာလမှစတင်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအချိန်အထိ တိုင်းဒေသကြီး/ ပြည်နယ် ၁၂ ခုနှင့် ပြည်ထောင်စုနယ်မြေ၏ အခြေခံလူဦးရေစာရင်းချုပ်များကို Initial Voter List Scrutinizer – IVLS Software ဖြင့် စစ်ဆေးခြင်းများ ဆောင်ရွက်ပြီးဖြစ်ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်နှစ်ခုတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စဉ်ဆက်မပြတ် Update လုပ်ခြင်းဖြင့် ရွေးကောက်ပွဲပြုလုပ်ချိန်တွင် ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းများရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးဆောင်ရွက်ခြင်း၊ ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်နှင့်အညီ ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်အသိပညာပေးဆိုင်ရာများ ဆောင်ရွက်ခြင်း၊ လူသားအရင်းအမြစ်များ ဖြည့်တင်းလေ့ကျင့်ခြင်းနှင့် အခြေခံအဆောက်အအုံဖြစ်သည့် ရုံးဌာနများတည်ဆောက်ခြင်းတို့ လုပ်ဆောင်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံကော်မရှင်အဖွဲ့ဝင်များသည် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများကို ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်ဖြစ်သည့် အချိုးကျကိုယ်စားပြုစနစ် (PR)နှင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် လုပ်ငန်းစဉ်(၁) ပါ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်ပြီးစီးပါက လုပ်ငန်းစဉ်(၅)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။**(ဆက်လက်ဖော်ပြပါမည်)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၇၅၁၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၈ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၀-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၅၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၈)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၆၄)ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၈) ဦးအနက် (၁၈) ဦး (၃၇.၅) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၃၀) ဦး (၆၂.၅) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၆၁,၂၀၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၆၂၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၃,၂၁၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်ပမှဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများတွင် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လ ရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၂၀-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၈) ဦး | (၃၇.၅) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၃၀) ဦး | (၆၂.၅) % |
| စုစုပေါင်း | (၄၈) ဦး | (၁၀၀) % |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၅၃၂၄၈၃၀ | ၉၀၅၅၅၂၆၂ | ၁၀၆၅၅၁၅ |
| ၂။ | အိန္ဒိယ | ၄၄၃၂၇၈၉၀ | ၄၃၆၉၉၄၃၅ | ၅၂၇၂၈၉ |
| ၃။ | ပြင်သစ် | ၃၄၃၁၉၉၂၂ | ၃၃၆၇၄၅၃၉ | ၁၅၃၅၀၁ |
| ၄။ | ဘရာဇီး | ၃၄၂၆၄၂၃၇ | ၃၃၁၇၅၇၁၄ | ၆၈၂၄၅၇ |
| ၅။ | ဂျာမနီ | ၃၁၈၀၈၁၇၉ | ၃၀၆၁၉၀၀၀ | ၁၄၆၅၀၄ |
| ၆။ | ဗြိတိန် | ၂၃၄၆၀၇၈၇ | ၂၃၀၉၂၄၀၆ | ၁၈၇၀၁၈ |
| ၇။ | တောင်ကိုရီးယား | ၂၂၁၂၉၃၈၇ | ၁၉၉၀၆၅၄၃ | ၂၅၉၈၀ |
| ၈။ | အီတလီ | ၂၁၆၀၆၆၀၆ | ၂၀၆၃၂၆၁၂ | ၁၇၄၅၇၁ |
| ၉။ | ရုရှား | ၁၉၀၇၇၆၇၄ | ၁၈၂၆၂၃၅၀ | ၃၈၃၄၉၆ |
| ၁၀။ | ဂျပန် | ၁၆၆၇၈၈၆၃ | ၁၄၆၈၅၂၆၅ | ၃၆၅၁၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၃၈၂၂၅၈ | ၁၀၀၆၂၅၈၅ | ၄၃၁၀၄ |
| ၂။ | အင်ဒိုနီးရှား | ၆၃၁၁၆၀၈ | ၆၁၀၁၆၃၆ | ၁၅၇၃၆၅ |
| ၃။ | မလေးရှား | ၄၇၅၂၄၉၀ | ၄၆၇၃၅၉၃ | ၃၆၁၃၀ |
| ၄။ | ထိုင်း | ၄၆၃၂၂၁၂ | ၄၅၈၀၂၇၇ | ၃၂၀၀၃ |
| ၅။ | ဖိလစ်ပိုင် | ၃၈၅၂၁၇၀ | ၃၇၅၄၇၁၆ | ၆၁၃၀၈ |
| ၆။ | စင်ကာပူ | ၁၈၁၂၂၅၅ | ၁၇၂၉၆၁၃ | ၁၅၇၆ |
| ၇။ | မြန်မာ | ၆၁၄၆၂၁ | ၅၉၃၂၁၅ | ၁၉၄၃၇ |
| ၈။ | ဘရူနိုင်း | ၂၁၅၂၈၃ | ၂၁၄၆၃၉ | ၂၂၅ |
| ၉။ | လာအို | ၂၁၃၁၅၇ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၃၉၄ | ၁၃၄၁၁၄ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများက နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း ၃ ဒသမ ၆၃ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ဓနုဖြူမြို့နယ်၌ ငါးသယံဇာတတိုးပွားရေးအတွက် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်



ဓနုဖြူ ဩဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် တောင်ဇီးချောင်း သဘာဝရေပြင်အတွင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးရိက္ခာဖူလုံစေရေး၊ ငါးသယံဇာတများရေရှည်တည်တံ့စေရေးနှင့် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရေးအတွက် (တတိယ)အကြိမ်မြောက် ငါးမျိုးစိုက်ထည့်ခြင်းကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အောင်ဟိတ်ငါးသားဖောက်စခန်းမှ ငါးမြစ်ချင်းငါးသားပေါက် ကောင်ရေ ၂၀၀၀၀၀၊ ငါးခုံးမကြီးငါးသားပေါက် ကောင်ရေ ၁၅၀၀၀၀၊ ရွှေဝါငါးကြင်းငါးသားပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၄၀၀၀၀၀ကို ဖုန်းဆိုးတောင်ကျေးရွာအုပ်စု တောင်ဇီးကျေးရွာရှိ တောင်ဇီးချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်ဆက်)

# တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေပြည်နယ်၌ မိုးခေါင်ရေရှား၍ ပြည်သူ ၅ ဒသမ ၇ သန်း ထိခိုက်ခံစားနေရ



ပေကျင်း ဩဂုတ် ၂၀

တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေပြည်နယ်၌ ဇွန်လမှစပြီး မိုးခေါင်ရေရှားမှုဖြစ်၍ ပြည်သူ ၅ ဒသမ ၇ သန်း ထိခိုက်ခံစားနေရကြောင်း ပြည်နယ်အရေးပေါ်ထိန်းချုပ်ရေးဌာနက ယနေ့ပြောကြားသည်။

အပူချိန်လွန်ကဲမှုနှင့် မိုးခေါင်ရေရှားမှုအခြေအနေများသည် ပြည်နယ်အတွင်းရှိ ခရိုင်အဆင့်ဒေသ ၈၄ ခုကို ထိခိုက်လျက်ရှိသည်။

အပူချိန်လွန်ကဲမှုကြောင့် ပြည်သူ ၂၁၈၁၀၀ သည် သောက်သုံးရေရရှိရန် ခက်ခဲလျက်ရှိပြီး စိုက်ပျိုးမြေဟက်တာ ၆၉၀၄၇၀ ပျက်စီးဆုံးရှုံးခဲ့ရသည်။

**အရေးပေါ်တုံ့ပြန်မှုစတင်**

မိုးခေါင်ရေရှားမှုသဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ဟန့်တားရန်အတွက် သဘာဝဘေးကယ်ဆယ်ရေးဆိုင်ရာ အဆင့် (၄) အရေးပေါ်တုံ့ပြန်မှုကို ယမန်နေ့ ညနေ ၅ နာရီတွင် စတင်ခဲ့သည်။

ပြည်နယ်အရေးပေါ် စီမံခန့်ခွဲရေးဦးစီးဌာနက ဒေသတွင်း မိုးခေါင်ရေရှားမှု ကယ်ဆယ်ရေးလုပ်ငန်းများကို ပြည်သူများအား လမ်းညွှန်ပြသရန် လုပ်ငန်းအဖွဲ့များကို စေလွှတ်ထားကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# အင်ဒိုနီးရှားနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူတစ်ဦး ပထမဆုံးတွေ့ရှိ

ဂျကာတာ ဩဂုတ် ၂၀

အင်ဒိုနီးရှားနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူတစ်ဦးအား ပထမဆုံးအကြိမ် ယနေ့တွေ့ရှိခဲ့ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အဆိုပါမျောက်ကျောက်ရောဂါ ကူးစက်ခံထားရသူသည် အသက် ၂၇ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူဖြစ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောသည်။

လက်ရှိတွင် အဆိုပါအမျိုးသားသည် ရောဂါပြင်းထန်စွာ ခံစားနေရခြင်းမရှိသေးကြောင်းနှင့် ၎င်း၏နေအိမ်တွင် သီးခြားနေထိုင်လျက်ရှိကြောင်း သိရသည်။

ယင်းအမျိုးသားသည် မည်သည့်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသလဲဆိုသည်ကိုမူ ပြောကြားခြင်းမရှိခဲ့ပေ။

၎င်းနှင့် အနီးကပ်ထိတွေ့ဆက်ဆံခဲ့သူများအား လိုက်လံစုံစမ်းလျက်ရှိပြီး ရောဂါစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။ အင်ဒိုနီးရှားအစိုးရက မျောက်ကျောက်ကာကွယ်ဆေး အလုံးရေ ၁၀၀၀၀ ဝန်းကျင်ကို ဝယ်ယူရန် စီစဉ်လျက်ရှိသည်။

မျောက်ကျောက်ရောဂါသည် ကုသနိုင်သည့် ရောဂါဖြစ်သည့်အတွက် စိုးရိမ်ပူပန်ခြင်းမပြုကြပါရန် ပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းပြောကြားသည်။




အိမ်နီးချင်းစင်ကာပူနိုင်ငံ၌ လွန်ခဲ့သောလအတွင်း မျောက်ကျောက်ရောဂါ ပထမဆုံးကူးစက်ခံရသူတစ်ဦးကို တွေ့ရှိခဲ့ပြီး လက်ရှိတွင် ၁၅ ဦးအထိ မြင့်တက်လာကြောင်း သိရသည်။ အလားတူ အရှေ့တောင်အာရှနိုင်ငံများအနက် ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့တွင်လည်း မျောက်ကျောက်ရောဂါကူးစက်မှုများ တွေ့ရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကမ္ဘာ့နိုင်ငံပေါင်း ၈၀ ကျော်၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၄၀၀၀၀ ကျော်ရှိပြီး သေဆုံးသူအနည်းငယ်ရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်– အောင်ကျော်ကျော်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သိန်းနှစ်သောင်းကျော် ထပ်မံတွေ့ရှိ

ဆိုးလ် ဩဂုတ် ၂၀

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၂၉၄၁၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၂၁၂၉၃၈၇ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူများအနက် ၄၉၂ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့်သေဆုံးသူ ၈၄ ဦးထပ်မံတွေ့ရှိခြင်းကြောင့် သေဆုံးသူပေါင်း ၂၅၉၈၀ရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေး အာဏာပိုင်များက ပြောသည်။

အဆိုပါကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း၏ သုည ဒသမ ၁၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၂၇၂ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ ဩဂုတ် ၂၀

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၂၇၂ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၄၃၂၇၈၉၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာ ၁၀၁၁၆၆ ဦး ရှိကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၃၆ ဦး ထပ်မံတွေ့ရှိခြင်းပြီး အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၇၂၈၉ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာနက ပြောသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၃၉၀၀ ရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၆၉၉၄၃၅ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လက်ရှိတွင် အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၀၉၄၀၄၈၁၄၀ အသုံးပြုပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၈၈၂ သန်းကျော်အား ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

■






# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၄၇ ဦး ထပ်မံသေဆုံး

မနီလာ ဩဂုတ် ၂၀

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် ၄၇ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၁၃၀၈ ဦးရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၃၇၁၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၈၅၂၁၇၀ ရှိပြီဖြစ်သည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၁၈၅ ဦးသည် မနီလာမြို့တော်မှ ဖြစ်သည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၃၆၁၄၆ ဦးရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်ခံရသူ ၃၉၀၀၄ ဦးတွေ့ရှိပြီး နေ့စဉ်ကူးစက်မှုအရေအတွက် စံချိန်တင်တွေ့ရှိခဲ့သည်။

လက်ရှိအချိန်အထိ လူဦးရေသန်း ၁၁၀ ရှိသည့်အနက် ပြည်သူ ၇၂ ဒသမ ၃ သန်းအား ကာကွယ်ဆေးအကြိမ်ရေ အပြည့်အဝထိုးနှံပေးပြီး ဖြစ်သည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်– အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီ၊ ယာဉ်/ယန္တရားနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိ

**နေပြည်တော်  ဩဂုတ် ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာအနီး၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းလှမြို့နယ် ရှမ်းတပ်ရဲစခန်းရှေ့၌ တရားမဝင် စက်သုံးဆီ ၃၅ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၇၅၀၀ ကို ရေနံနှင့်ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေအရ လည်းကောင်း၊ ဆင်ပေါင်ဝဲမြို့နယ် အရှေ့ရိုးမကြိုးဝိုင်း အကွက်အမှတ် ၁၀ တွင် တရားမဝင် သစ်မျိုးစုံ ၁ ဒသမ ၆၅၂၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၆၉၆)ကို သစ်တောဥပဒေအရ လည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၃၁၉၆)** ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။



**အရေးယူဆောင်ရွက်**

ထို့ပြင် ဩဂုတ် ၁၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က သရက်ချောင်းမြို့နယ်၊ မြိတ်မြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်များအတွင်း လိုင်စင်မဲ့ဆိုင်ကယ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ရေဖြူမြို့နယ် မလွှဲတောင် စစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က လိုင်စင်မဲ့ ဘက်ဟိုး/ ရိုဒါ နှစ်မျိုးသုံး (ထွန်စက်ဘီး) ယန္တရားတစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေအရ လည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၆၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟုမ္မလင်းမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ် ၂၀ ရက်တွင်** ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တောအတွင်း တရားမဝင်သစ်မျိုးစုံ ၂ ဒသမ ၀၂၀၀ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၈၈၀)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် သိမ်းဆည်းရမိမှု**စုစုပေါင်းမှာ အမှုတွဲရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၁၂၀၀၇၆)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မိုးညှင်း၊ မြိတ်နှင့် မုဒုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော်  ဩဂုတ် ၂၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၉ ရက် ညနေ ၅ နာရီတွင် မိုးညှင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာ ထိပ်အနီးတွင် ဇော်ထွန်းဦး(ခ) ဖိုးဇော် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု မြိတ်တောင်ကျေးရွာနေ ထွန်းမောင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီတွင် မွန်ပြည်နယ် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မုဒုံမြို့ မြို့မ(၄)ရပ်ကွက် မုဒုံ-ချောင်းနှစ်ခွကျေးရွာသွား ကားလမ်း၊ ခုနစ်ခွေတောင်ခြေအနီးတွင် နေထက်လင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ဇော်ထွန်းဦး(ခ)ဖိုးဇော်အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့် အတူ တွေ့ရစဉ်။

**ရဲပြန်ကြား**

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ပဲခူး  ဩဂုတ် ၂၀**

ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ကဝမြို့နယ်အတွင်း ကျေးလက်ရေရရှိရေး လုပ်ငန်းများနှင့် သနပ်ပင်မြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**ကြည့်ရှုစစ်ဆေး**

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကဝမြို့နယ် အလယ်ရွာကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် Royal Kawa Co.,Ltd က တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေရရှိရေးလုပ်ငန်းနှင့် သနပ်ပင်မြို့နယ် အနီးကိုက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အလျားပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ ဒု ၆ လက်မ ကျေးရွာတွင်းလမ်းဂဝံခင်းခြင်းကို နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၀ သန်းဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုကို လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်သည့် မြစိမ်းရောင်စီမံကိန်း လုပ်ငန်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ အသင်းသား အသင်းသူများနှင့်တွေ့ဆုံ၍ ချေးငွေလည်ပတ်ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ညညခ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

**၂၁-၈-၂၀၂၂ တနင်္ဂနွေနေ့**

**MRTV HD**

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဒီဗိုကရေစီဆိုရာဝယ်
- ၀၉:၁၅ တရုတ်ကာတွန်း 'ပန်းနုဂါးမိုးလေတံတား'(အပိုင်း-၅)
- ၁၀:၀၀ သတင်းသမားပြောတဲ့ သတင်းစကား
- ၁၀:၃၀ 'ဂီတစာဆိုငဟောင်ကြေးမုံအမှတ်တရ' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှု(ပွဲစဉ်-၁)
- ၁၁:၄၅ အသိပညာနှင့်အမှန်တရား
- ၁၂:၃၀ MRTV National News
- ၁၂:၅၅ မြန်မာ့ဂန္ထဝင်ရုပ်ရှင် 'တွေးရခက်ကြီး' (ဖိုးပါကြီး၊ ခင်လေးဆွေ)
- ၁၆:၃၅ အတွေးအမြင်စုံစွာကျွန်တော်တို့လက်ရာ 'စွဲလမ်းခြင်း၏စည်း'
- ၁၆:၄၅ Sports Diary
- ၁၇:၂၀ ခံတွင်းမြိန်စရာသူ့လက်ရာ 'တပ်ကုန်းမြို့က ငှက်ပျောဖူးထမင်းချဉ်သုပ်'
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ သုတဝေဖြာသီရိဂေဟာ
- ၁၉:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း-၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ
- ၂၁:၂၅ ဆေးရောင်စုံရုပ်ရှင် 'မယ်မင်းကြီးမ' (သုမောင်၊ ဝါဝါဝင်းရွှေ၊ မြင့်မြင့်ခင်)

**mitv**

- 07:01 Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
- 07:10 Great Shwedagon - The Architectural Heritage
- 07:38 Myanmar Traditional Food: Mohinga
- 08:01 Mahavihara: From Forest Monastery to Dhamma-Vinnya University
- 08:34 Today Myanmar
- 08:44 Aesthetic Painting on Pathein Umbrella
- 09:01 News
- 09:26 Global Partnership for Brighter Future: Albania Pavilion at Expo 2020 Dubai
- 09:33 Never Too Late to Learn
- 09:51 Listening Pleasure, Instrumental Music (Banjo) Yangon Thu
- 10:01 Myanmar Puppet
- 10:07 Weekly Review

**MRTV NRC**

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၃)
- **ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** ဆီးချိုရောဂါအတွက် စားပေးသင့်သောသစ်သီးများ
- **ချင်း(ချို) (၀၈:၀၀ မှ ၀၉:၀၀)** လည်ပတ်ချင်စရာ ချပ်ကျေးရွာ(အပိုင်း-၁)
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** ရာမညမြေမှအလှတရားများ(အပိုင်း-၁)
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** လခြမ်းမြေမှ ရိုးရာအလှ(အပိုင်း-၂)
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ရှမ်းမုန့်တီချက်နည်း
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** နေကြာစိုက်ပျိုးခြင်း(အပိုင်း-၁)
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** အာလူးထောင်းကြော်
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** ခံတွင်းမြိန်စေမဲ့ကယားရိုးရာ မာလာဖူးသုပ်
- **စကောကရင် (၂၁:၀၀ မှ ၂၂:၀၀)** သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၁)
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ထီလာပုဂံ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၁၅ လူငယ်ရေးရာအစီအစဉ်
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလဲ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အရိပ်တကြည့်ကြည့်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
- ၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၃)
- ၁၁:၃၀ အတွေးအမြင်(အပိုင်း-၆)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၅၀ ဖဟိုင်မြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း(တိုက်ကြီး)
- ၀၇:၄၅ ချိုမြိန်သောဘဝများရဲ့နှင်းဆီ
- ၀၈:၀၀ စိုက်ပျိုးရေးရာအဖြေရှာ
- ၀၉:၂၅ အမေရိကန်နိုင်ငံ၏ အဆင့်မြင့်ရေသွင်းနည်းပညာ
- ၀၉:၄၅ လှပဝေစည်ရှမ်းတို့ပြည်

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Sports Diary
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm  t.me/mrtvnews  twitter.com/mrtvwebportal

# PDF အမည်ခံ အကြမ်းဖက်အဖွဲ့က Drone ယာဉ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဘုန်းတော်ကြီးကျောင်းတွင် စာသင်ကြားလျက်ရှိသည့် ကျောင်းသား သုံးဦးနှင့် ကိုရင် တစ်ပါးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိ

နေပြည်တော် ဩဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကံကြီးကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က Drone ယာဉ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဘုန်းတော်ကြီးကျောင်းတွင် စာသင်ကြားလျက်ရှိသည့် ကျောင်းသား သုံးဦးနှင့် ကိုရင် တစ်ပါးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။







ချောင်းဦးမြို့နယ် ကံကြီးကုန်းကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က Drone ယာဉ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ် မှတ်တမ်းဓာတ်ပုံ။


ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကံကြီးကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က Drone ယာဉ်တွင် ဗုံးသီးချိတ်ဆွဲကာ တိုက်ခိုက်ခဲ့သဖြင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သည်။ အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားကင်းမဲ့စွာ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျောင်းဆောင်အတွင်း စာသင်ကြားလျက်ရှိနေသော ကျောင်းသား သုံးဦး၊ ကိုရင် တစ်ပါးတို့တွင် ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကော့ကရိတ်မြို့နယ်အတွင်း ကော့ကရိတ် - မြဝတီသွား အာရှလမ်းသစ်ပေါ်တွင် ၁၀ ဘီးမော်တော်ယာဉ် တစ်စီးအား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်၊ မီးရှို့ဖျက်ဆီး

နေပြည်တော် ဩဂုတ် ၂၀

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ရွာသစ်ကုန်းကျေးရွာ၏ အနောက်ဘက် မီတာ ၁၀၀ ခန့်အကွာရှိ ကော့ကရိတ် – မြဝတီသွား အာရှလမ်းသစ်၌ ဩဂုတ် ၁၉ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်တွင် အိမ်ဆောက်ကြွေပြားများတင်ဆောင်ပြီး မြဝတီမြို့မှ မော်လမြိုင်မြို့သို့ ပို့ဆောင်ရန် ထွက်ခွာလာသည့် NISSAN အမျိုးအစား ၁၀ ဘီးမော်တော်ယာဉ် တစ်စီးအား လမ်း၏တောင်ဘက် မီတာ ၂၀၀ ခန့်အကွာမှ KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ရပ်တန့်စေပြီး မော်တော်ယာဉ်အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။




ကော့ကရိတ်မြို့နယ်အတွင်း ကော့ကရိတ်–မြဝတီသွား အာရှလမ်းသစ်ပေါ်တွင် ယာဉ်တစ်စီးအား ပစ်ခတ်မီးရှို့ခံရသည့် ဖြစ်စဉ်နေရာပြပုံ။

အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသား တစ်ဦး လက်နက်ငယ်ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး မော်တော်ယာဉ်မှာ မီးလောင်ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အမျိုးသား တစ်ဦးကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကာ ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး အဆိုပါအကြမ်းဖက်အဖွဲ့များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံချေမှုန်း တိုက်ခိုက်လျက်ရှိကြောင်းနှင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





ကော့ကရိတ်မြို့နယ်အတွင်း ကော့ကရိတ်– မြဝတီသွား အာရှလမ်းသစ်ပေါ်တွင် ပစ်ခတ်မီးရှို့ခံရသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုတို့အပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေအနောက်ရပ်ကွက်နေ ကျော်သူဝင်း(ခ)ကျော်ကြီးသည် ၎င်းအသုံးပြုသည့် “Kyaw Gyi” Facebook အကောင့်၊ မြင်းခြံမြို့နယ် လယ်သစ်ကျေးရွာနေ ဇော်ခိုင်သည် ၎င်းအသုံးပြုသည့် “Zaw Khaing” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အမှားတွေကို အကျိုးရှိအောင် အသုံးချမယ်ဆိုရင်

သိန်းထွန်း (IR)

## ဆင်ခြင်မှု

လူတစ်ယောက်အနေနဲ့ အသက်အရွယ်၊ အတွေ့အကြုံ၊ ရင့်ကျက်မှု၊ စဉ်းစားဆင်ခြင်မှုတွေ ကိုယ့်အတိုင်းအတာနဲ့ကိုယ် ရလာတဲ့အခါ မိမိကိုယ်မိမိ ပြန်ပြီးဆင်ခြင်မိတတ်ကြပါတယ်။ ပြန်ပြီးဆင်ခြင်မိတဲ့အထဲမှာ ကိုယ့်ဘဝတစ်လျှောက် ဖြတ်သန်းခဲ့ရာမှာ ဘယ်ဟာတွေက မှန်ခဲ့လဲ၊ ဘာတွေမှားခဲ့လဲဆိုတဲ့ ဆင်ခြင်စရာလည်း ပါပါတယ်။ ကိုယ်ဖြတ်သန်းခဲ့တဲ့တစ်လျှောက် ကိုယ့်အတွက်၊ အများအတွက် အကျိုးဖြစ်အောင် လုပ်နိုင်ခဲ့တာတွေရှိသလို တစ်ဖက်မှာလည်း ဘယ်သူကိုမှ အကျိုးမပြုတာတွေ၊ ဒါ့မှမဟုတ် အခြားသူတွေအပေါ် အကျိုးပျက်စီးစေတဲ့ မှားယွင်းမှုတွေ တွေ့ရပါတယ်။ မှားယွင်းတဲ့အပြုအမူတွေထဲမှာမှ အချိန်မီပြင်ဆင်နိုင်တာတွေလည်းရှိသလို အချို့အပြုအမူတွေကတော့ ပြင်ဆင်လို့မရနိုင်အောင် ခက်ခဲတာ၊ အချိန်နှောင်းသွားတာနဲ့ အခြေအနေမပေးတော့တာတွေကြောင့် နောင်တရစရာတွေလည်း တွေ့မိပါတယ်။ အဲဒီလိုဖြစ်စဉ်တွေကတော့ တစ်ယောက်နဲ့တစ်ယောက်တော့ မတူနိုင်ဘူးပေါ့။

ဒီလိုအခြေအနေတွေဆိုတာ ဖြစ်တတ်တဲ့သဘောဆိုပေမယ့် ကိုယ့်အနေနဲ့ အထက်ကပြောခဲ့သလိုပဲ အသက်အရွယ်၊ အတွေ့အကြုံ၊ ရင့်ကျက်မှု၊ စဉ်းစားဆင်ခြင်မှုတွေ ကိုယ့်အတိုင်းအတာနဲ့ ကိုယ်ရလာတဲ့အခါ မြင်မိ၊ ဆင်ခြင်မိတာလည်းရှိရဲ့၊ မမြင်မိ၊ မဆင်ခြင်မိတာတွေလည်းရှိရဲ့။ အသက်အရွယ်ငယ်စဉ်က မှားခဲ့တဲ့အမှားတွေကို တစ်ခါတစ်ခါ ပြန်စဉ်းစားမိရင် ရယ်စရာတွေလည်း ပါပါသေးတယ်။ အချို့ကိစ္စတွေမှာတော့ ငါဒီလိုမလုပ်ခဲ့သင့်ဘူးလို့ တွေးမိတော့ နောင်တရမိတာတွေလည်း ရှိပါတယ်။ ဩော်..အရင်တုန်းကများ ဒီလိုတွေးတတ်ခဲ့ရင် ဆောင်ရန်၊ ရှောင်ရန်တွေကို ဆင်ခြင်နိုင်ခဲ့မှာပဲလို့ တွေးမိပါတယ်။ မိမိကိုယ်ကို ထိန်းကျောင်းနိုင်တဲ့အသိ အားနည်းခဲ့လို့လည်း ဖြစ်မှာပေါ့။ ဒါကြောင့် အချို့ကိစ္စတွေဆို မမှားသင့်ပဲမှားခဲ့တာ၊ လုပ်သင့်တာကို မလုပ်နိုင်တာ၊ ဘဝဆုံးဖြတ်ချက် လွဲချော်တာတွေ ကြုံခဲ့ရပြီးပါပြီ။ အဲဒီထဲကမှ ယူသင့်တာယူ၊ ပြင်သင့်တာပြင်၊ ပြောင်းသင့်တာပြောင်း လုပ်နိုင်မယ်ဆိုရင် ကျန်တဲ့ဘဝခရီးကို တည့်တည့်မတ်မတ် လျှောက်နိုင်မယ် ထင်ပါရဲ့။

## အမှားမကင်းတတ်ကြ

လူတိုင်းဟာ စင်းလုံးချောမကောင်းနိုင်ဘူးဆိုတဲ့ စကားရှိပါတယ်။ အပြစ်အနာအဆာ၊ အမှားအယွင်း ရှိတတ်တဲ့ သဘောလို့မြင်ပါတယ်။ ဘယ်တုန်းကမှ အမှားမလုပ်ခဲ့တဲ့သူဟာ ဘာကိုမှ မလုပ်ခဲ့တဲ့သူပဲလို့ ရှစဘဲ့က ပြောဖူးပါတယ်။ သဘောကတော့ အလုပ်လုပ်ရင်တော့ အမှားရှိတတ်ကြမှာပဲလို့ ဆိုတာပါ။ လက်တွေ့မှာလည်း အမှားဆိုတာက လူတိုင်းနဲ့မကင်းနိုင်တဲ့ သဘာဝတစ်ခုပါပဲ။ လူတိုင်း အမှားတွေ့ကြုံဖူးကြမယ်လို့ မဆိုနိုင်ပေမယ့် အများစုကတော့ ကြုံဖူးကြပါတယ်။ ကိုယ်တိုင်လည်း ဘဝတစ်လျှောက် အနည်းနဲ့အများ ကြုံခဲ့ရပြီးပါပြီ။ အဲဒီကြုံတွေ့ခဲ့ဖူးတဲ့ အမှားတွေမှာ ကြီးကြီးမားမားအမှား၊ သေးသေးမွှားမွှားအမှား ဆိုတာတော့ ရှိတာပေါ့။ အဲဒီထဲကမှ အမှားကြီးရင်ကြီးသလို ကိုယ်တိုင်နဲ့ပတ်ဝန်းကျင်ကို ထိခိုက်မှုများစေတာပါတယ်။ သာမန်အမှားလေးတွေကတော့ အကျိုးသက်ရောက်မှု နည်းတတ်ပါတယ်။ အချို့အမှားလေးက ကိုယ့်တစ်ယောက်တည်းကိုပဲ ထိခိုက်ပေမယ့် အချို့အမှားတွေကျပြန်တော့လည်း ပတ်ဝန်းကျင်ကိုပါ ဆိုးဆိုးရွားရွား ထိခိုက်စေပြန်ရော။

မိမိတို့ရဲ့ နေ့စဉ်ဘဝတွေမှာ စိတ်အတွေးအကြံ၊ အပြုအမူ၊ အပြောအဆိုတွေအပါအဝင် ဘဝရဲ့ ဆုံးဖြတ်ချက်မှာလည်း အမှားတွေရှိတတ်ကြတာကို သတိထားမိရင် တွေ့နိုင်ပါတယ်။ သာမန်အမှားလေးတွေကို အမှုမဲ့အမှတ်မဲ့ထားတတ်ပေမယ့် ကြီးကြီးမားမားဆိုရင်တော့ စွဲနေအောင် မှတ်မိနေတတ်ကြပါတယ်။ အမှားရဲ့သဘောက ကြီးကြီး၊ သေးသေး အကျိုးသဘောထက် အပျက်သဘောကို ဦးတည်စေတာမို့ ဘယ်သူမှတော့ အမှားမဖြစ်ချင်ကြပါဘူး။ ဒါပေမဲ့လည်း ဘယ်သူမှ စင်းလုံးချောမဖြစ်နိုင်ဘူးဆိုတဲ့စကားလိုပဲ လူ့ပတ်ဝန်းကျင်မှာ အများနဲ့နေထိုင်ကျင်လည်နေကြတဲ့အချိန်မှာ တစ်ကြိမ်မဟုတ်တစ်ကြိမ် အမှားတွေ့တတ်ကြတာပါပဲ။ အမှားမရှိချင်လို့၊ အမှားဖြစ်မှာ ကြောက်လို့ဆိုပြီး တစ်ယောက်တည်းနေတာဖြစ်ဖြစ်၊ ဘာမှမလုပ်ဘဲဖြစ်ဖြစ် နေလို့မှမရနိုင်တာကိုး။ ဒီတော့ ဖြစ်တတ်တဲ့ အမှားကို ဘယ်လိုရှုမြင်မလဲ၊ ဘယ်လိုတုံ့ပြန်မလဲ၊ ကိုင်တွယ်ဖြေရှင်းမလဲဆိုတာ အရေးပါလာပါတယ်။

## အမှန်နဲ့အမှား

မှား ဆိုတာကို မြန်မာအဘိဓာန်မှာ မမှန်ကန်သော၊ အမှန်၏ဆန့်ကျင်ဘက်ဖြစ်သော၊ ယွင်းသောလို့ ဖွင့်ဆိုပါတယ်။ အမှားဆိုတာကို ရှင်းဖို့ အမှန်ဆိုတာကို ဦးစွာသိဖို့လိုနေပါတယ်။ တစ်ခါတစ်ရံ အမှန်၊ အမှား သတ်မှတ်တဲ့ကိစ္စကို လက်ဖမိုး၊ လက်ဖဝါး ကြည့်တဲ့ နှစ်ဖက်အမြင်နဲ့ တိုင်းတာတတ်ကြပါတယ်။ လက်ဖမိုးဘက်က ကြည့်တဲ့သူအတွက် လက်ဖမိုးဟာအမှန်လို့ ဆိုတတ်ကြသလို လက်ဖဝါးဘက်က ကြည့်တဲ့သူကတော့ လက်ဖဝါးကိုမြင်ရလို့ လက်ဖဝါးဟာ အမှန်လို့ ဆိုတတ်ကြပါတယ်။ လက်ဖမိုး၊ လက်ဖဝါး နှစ်ဖက်စလုံးဟာ သူ့ဘက်ကိုယ့်ဘက် မှန်ကောင်းမှန်နိုင်ပေမယ့် အားလုံးနဲ့အကျုံးဝင်တဲ့ အမှန်တရားဟာ သူ့ဘက်ကိုယ့်ဘက်ဆိုတဲ့ နှစ်ဖက်အမြင်ထက် ပိုပါတယ်။ မြတ်စွာဘုရားက ဓမ္မစကြာတရားမှာ သစ္စာလေးပါးကို ဟောခဲ့ပါတယ်။ သစ္စာဆိုတာ မဖောက်မပြန်မှန်ကန်သော တရားကိုဆိုခြင်းပါ။ အခြေအနေ၊ အချိန်အခါ၊ လူပုဂ္ဂိုလ်မရွေးအတွက် မှန်ကန်တဲ့ တရားဖြစ်ပါတယ်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဆိုတဲ့ သစ္စာလေးပါးဟာ အရိယသစ္စာများ ဖြစ်ကြပါတယ်။ သစ္စာလေးပါးမှာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာနဲ့ နိရောဓသစ္စာတို့ဟာ လောကုတ္တရာနယ်ပယ်နဲ့ ပိုမိုသက်ဆိုင်ပြီး မဂ္ဂသစ္စာတရားကတော့ လောကီ၊ လောကုတ္တရာ နှစ်ဖြာ သက်ဆိုင်ပါတယ်။

လောကုတ္တရာနယ်ပယ်မှာတော့ သစ္စာလေးပါးလို မဖောက်မပြန်မှန်ကန်တဲ့ အမှန်တရားဖြစ်ဖို့ ခက်ခဲပါတယ်။ အခြေအနေ၊ အချိန်အခါနဲ့ နေရာဒေသလိုက်ပြီး ကွဲပြားနိုင်၊ ပြောင်းလဲနိုင်လို့ ဖြစ်ပါတယ်။ လောကုတ္တရာမှာလို ခြွင်းချက်မရှိ အမှန်တရားဆိုတာထက် ကိုယ့်အကျိုး၊ သူ့အကျိုးနဲ့ အများအကျိုးအတွက် ကောင်းမွန်တဲ့လုပ်ရပ်နဲ့ အကျိုးတရားဖြစ်စေရင် အမှန်တရားလို့ အနီးစပ်ဆုံး ဆိုနိုင်ပါလိမ့်မယ်။ အဲဒါနဲ့ဆန့်ကျင်ဘက်အဖြစ်ကတော့ ငါ၊ သူ၊ သူတို့ဆိုတဲ့ သုံးဖက်ထဲက ကိုယ့်အတွက်ပဲ ဖြစ်ဖြစ်၊ အခြားသူတွေအတွက်ပဲဖြစ်ဖြစ် တစ်ဖက်ဖက်ကို အကျိုးပျက်စီးစေတဲ့ ပြောဆို၊ လုပ်ဆောင်မှုဟာ မှားယွင်းတဲ့လုပ်ရပ်ပဲ ဖြစ်ပါတယ်။ ကိုယ့်အတွက် အကျိုးရှိလို့ မှန်တယ်လို့ ကိုယ့်ဘာသာ ယူဆကောင်းယူဆနိုင်ပေမယ့် အခြားသူတွေအပေါ် အကျိုးပျက်စီးစေရင်တော့ မှန်တယ်လို့ ယူဆလို့မရနိုင်ပါဘူး။ ကိုယ့်အတွက် ကောင်းတယ်၊ အများအတွက် မကောင်းဘူး၊ ကိုယ့်အတွက် မကောင်း အများအတွက်လည်း မကောင်း၊ အများအတွက် ကောင်းပေမယ့် ကိုယ့်အတွက် မကောင်း၊ အများအတွက်လည်းကောင်း ကိုယ့်အတွက်လည်း ကောင်းဆိုတာကိုကြည့်ရင် အမှန်နဲ့အမှားရဲ့ ကွာခြားချက်ကို ခွဲခြားသိနိုင်ပါတယ်။

## အမှားဖြစ်စေတတ်

အမှားတွေကို ဘယ်အချိန်မှာ လုပ်မိတတ်ကြသလဲဆိုရင်တော့ အခြေအနေအလိုက် ကွဲပြားမှုတွေရှိပါတယ်။ ဥပမာ ငယ်ရွယ်တဲ့သူနဲ့ အသက်အရွယ်ကြီးတဲ့သူ အမှားလုပ်မိတာချင်း မတူတတ်ပါဘူး။ လူတစ်ယောက်နဲ့ တစ်ယောက်အကြား ပညာ၊ အသက်အရွယ်၊ အတွေ့အကြုံ၊ ရင့်ကျက်မှု၊ စဉ်းစားဆုံးဖြတ်နိုင်စွမ်း၊ စိတ်ခံစားချက်၊ လောဘ၊ ဒေါသ၊ မောဟ၊ ပတ်ဝန်းကျင်လွှမ်းမိုးမှု ဆိုတာတွေ ကွာခြားရင် အမှားလုပ်မိတတ်တဲ့ အခြေအနေလည်း တူညီမှာမဟုတ်ပါဘူး။ အဲဒီအမှားဖြစ်စေတတ်တဲ့ အကြောင်းရင်းခံတွေဟာ မတော်တဆဖြစ်တဲ့ အမှားတွေ၊ ကိုယ်နဲ့အခြားသူတွေအပေါ် ထိခိုက်မှု မရှိစေတဲ့ အမှားသေးသေးလေးတွေကို ဆိုတာ မဟုတ်ပါဘူး။ ကိုယ်နဲ့ပတ်ဝန်းကျင်ကို ထိခိုက်မှုများစေတဲ့ အမှားတွေကို အဓိကဆိုချင်တာ ဖြစ်ပါတယ်။

ပညာ၊ စဉ်းစားဆုံးဖြတ်နိုင်စွမ်းနဲ့ သင်ခန်းစာယူနိုင်မှုဟာ အမှားမဖြစ်စေဖို့ ထိန်းကျောင်းနိုင်တဲ့ အရည်အသွေးတွေဖြစ်ပါတယ်။ အဲဒီအရည်အသွေးတွေ အားနည်းတာနဲ့အမျှ အမှားဖြစ်ဖို့ အခွင့်အလမ်းများမှာဖြစ်ပါတယ်။ အသက်အရွယ်၊ အတွေ့အကြုံနဲ့ ရင့်ကျက်မှုဆိုတာကလည်း ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းဖို့ အကောင်းဆုံးအရည်အသွေးတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ အသက်အရွယ်ငယ်ပေမယ့် အတွေ့အကြုံနဲ့ ရင့်ကျက်မှုရှိတာ၊ အသက်အရွယ်နဲ့အတွေ့အကြုံရှိပေမယ့်လည်း သင်ခန်းစာယူနိုင်မှုနဲ့ စဉ်းစားဆုံးဖြတ်နိုင်စွမ်း အားနည်းတာ စတဲ့ ဘက်မညီတဲ့အရည်အသွေးတွေလည်း ရှိနေပြန်ပါသေးတယ်။ ဒါကြောင့် ကိုယ်ဘာကြောင့် အမှားတွေ လုပ်မိတာလဲဆိုတာကို ကိုယ့်မှာရှိတဲ့ အရည်အသွေးတွေနဲ့ ဆန်းစစ်လိုက်ရင် အမှားဖြစ်စေတတ်တဲ့ အကြောင်းရင်းကို တွေ့နိုင်ပါတယ်။

## အမှားသံသရာကျော့တတ်

အထက်မှာဆိုခဲ့သလို လူတိုင်းလိုလို အမှားမကင်းတတ်ကြပါဘူး။ မှားတဲ့အခါ မတော်တဆ တစ်ခါတစ်ရံ မှားတတ်တာတွေရှိသလို အမှားတစ်ခုကိုပဲ ထပ်ကာထပ်ကာမှားနေတတ်တာလည်းရှိပါတယ်။ အချို့က စရိုက်လိုဖြစ်နေတဲ့ အကျင့်တွေကြောင့် ထပ်ကာထပ်ကာမှားတတ်ပါတယ်။ ဆိုပါစို့ ဒေါသဖြစ်တဲ့စရိုက်၊ မူးယစ်သောက်စားပြီးရင် ပြဿနာရှာတတ်တဲ့စရိုက်တွေကြောင့် အမှားတွေ ထပ်ကာထပ်ကာ ဖြစ်တတ်တာမျိုးတွေ ဖြစ်ပါတယ်။ အဲဒီလို အမှားမျိုးတွေက ဖြစ်လေ့ဖြစ်ထရှိတတ်ကြပါတယ်။ စရိုက်ကြောင့်ဖြစ်တဲ့အမှားမဟုတ်ဘဲ လောဘ၊ ဒေါသ၊ မောဟတွေ လွှမ်းမိုးလို့ တစ်ဖက်စွန်းစိတ်ခံစားချက်များ ပြင်းထန်နေလို့ ဖြစ်လာတဲ့အမှားတွေဟာ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်စွမ်း လျော့နည်းလာပြီး အမှားတွေကို ထပ်ကာထပ်ကာ ဖြစ်စေတတ်တာ တွေ့ရပါတယ်။ စိတ်ခံစားချက်တွေထဲမှာပါတဲ့ ဒေါသစိတ်၊ အာဃာတစိတ်၊ ချစ်စိတ်၊ မုန်းစိတ်တို့လို ခံစားချက်လွန်ကဲလာရင် အမှားအမှန်ကို ဝေဝါးစေပြီး မှားပြီးရင်းမှားတတ်ကြပါတယ်။

ဒီလိုပဲ အတ္တနဲ့ လောဘ စိတ်အားကြီးပြီး ကိုယ်ကျိုးစီးပွားတွေများလာရင်လည်း အမှားအမှန် ခွဲခြားဆုံးဖြတ်နိုင်စွမ်း အားနည်းလာစေပါတယ်။ ဒီအခါမှာ အမှားကို အမှန်ထင်ပြီး အမှားသံသရာမှာ ကျော့နေတတ်ပါတယ်။ အမှားသံသရာ ဖြစ်စေတဲ့ထဲမှာ သင်ခန်းစာမယူတတ်ခြင်း ဒါမှမဟုတ် မယူနိုင်ခြင်းဟာလည်း ထပ်ကာထပ်ကာမှားစေဖို့ အကြောင်းတရားတစ်ရပ် ဖြစ်ပါတယ်။ လူတစ်ယောက်အနေနဲ့ မှားတတ်တယ်ဆိုပေမယ့် ဖြစ်ခဲ့တဲ့အမှားကိုပဲ ထပ်ကာထပ်ကာမှားနေခြင်းဟာ အမှားကို သင်ခန်းစာမယူနိုင်တဲ့ အားနည်းချက်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒ့ါအပြင် အထက်မှာဆိုခဲ့တဲ့ အရည်အသွေးတွေ အားနည်းချက်ကြောင့် သင်ခန်းစာမယူနိုင်တာလည်း ဖြစ်နိုင်ပါတယ်။

လောကမှာ မှားတတ်ကြလို့ အမှားတွေဖျက်ဖို့ ခဲတံမှာတောင် ခဲဖျက်တပ်ထားတယ်ဆိုပေမယ့် ကိုယ်နဲ့ကိုယ့်ပတ်ဝန်းကျင်ရဲ့ ဘယ်ဘက်ကိုပဲဖြစ်ဖြစ် အကျိုးပျက်စီးစေတဲ့ အမှားတွေ ထပ်ကာထပ်ကာ ဖြစ်နေရင် အဲဒီရဲ့အကျိုးဆက်က ကိုယ်တိုင်ရော၊ လူ့ပတ်ဝန်းကျင်ကိုရော ထိခိုက်စေပါတယ်။ ဒီတော့ ကိုယ်တိုင်က အမှားကျူးလွန်မိတယ်ဆိုရင်တောင် မတော်တဆဖြစ်သွားတဲ့ အမှားလား၊ မှားပြီးသားကို ထပ်ပြီးမှားနေတာလား ဆန်းစစ်ကြရမှာပါ။ ဒ့ါအပြင် အရင်က မှားပြီးသားအမှားကို ထပ်ပြီးမှားတဲ့အထဲမှာ သူတစ်ပါးမှားပြီးသားအမှားကို မိမိကိုယ်တိုင်ကလိုက်ပြီး မှားတာလည်း ပါပါတယ်။ အခြားသူမှားခဲ့တာတွေကို တွေ့နေ မြင်နေပါလျက် သင်ခန်းစာမယူနိုင်လို့ ကိုယ်တိုင်က အဲဒီအမှားတွေအတိုင်း လိုက်ပြီးမှားတာဖြစ်လို့ မဆုံးရှုံးသင့်တာ၊ မနစ်နာသင့်တာတွေ ဖြစ်တတ်ပါတယ်။

❖ **အတ္တနဲ့ လောဘစိတ်အားကြီးပြီး ကိုယ်ကျိုးစီးပွားတွေများလာရင်လည်း အမှားအမှန် ခွဲခြားဆုံးဖြတ်နိုင်စွမ်း အားနည်းလာစေပါတယ်။ ဒီအခါမှာ အမှားကို အမှန်ထင်ပြီး အမှားသံသရာမှာ ကျော့နေတတ်ပါတယ်။**

❖ **အမေရိကန်စာရေးဆရာနဲ့ ဈေးကွက်ကျွမ်းကျင်သူ Roy H. Williams က စမတ် (smart) ဖြစ်တဲ့လူတစ်ယောက်ဟာ အမှားတစ်ခုလုပ်မိရင် အဲဒီအမှားကနေ သင်ခန်းစာယူတယ်၊ အဲဒီလိုအမှားမျိုး ဘယ်တော့မှ ထပ်မလုပ်တော့ဘူး။ ဒါပေမဲ့ ပညာရှိ (wise man) တဲ့လူကတော့ စမတ်ဖြစ်တဲ့လူမျိုးကို ရှာပြီး သူ့ဆီကနေ အမှားတွေကို ဘယ်လိုရှောင်ရမလဲဆိုတာ သင်ခန်းစာယူတယ်လို့ ဆိုပါတယ်။ ကိုယ်တိုင် အမှားကနေ သင်ခန်းစာယူနိုင်တဲ့သူက smart man ဖြစ်ပြီး အခြားသူရဲ့အမှားတွေကနေ သင်ခန်းစာယူနိုင်တဲ့သူက wise man ဖြစ်**

စာမျက်နှာ ၁၇ သို့ ❂

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၅၅ | ၂၄၃၅ | ၂၅၂၅ | ၂၅၄၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၈၅ | ၂၇၀၅ | ၂၉၃၀ |
| 95 Ron | ၂၄၉၀ | ၂၅၃၅ | ၂၅၃၅ | ၂၄၉၅ | ၂၅၃၅ | ၂၅၅၅ | ၂၅၄၀ | ၂၅၂၀ | ၂၆၁၅ | ၂၆၃၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၅ | ၂၇၉၀ | ၂၉၉၅ |
| HSD (500 ppm) | ၂၈၂၀ | ၂၈၆၅ | ၂၈၆၀ | ၂၈၂၅ | ၂၈၆၅ | ၂၈၈၅ | ၂၈၈၀ | ၂၈၅၀ | ၂၉၆၅ | ၂၉၆၀ | ၂၈၅၅ | ၂၈၆၅ | ၂၉၀၀ | ၂၉၀၀ | ၂၉၀၅ | ၃၁၂၀ | ၃၃၆၅ |
| HSD (50 ppm) | ၂၈၉၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၀၅ | ၂၉၄၀ | ၂၉၆၅ | ၂၉၆၀ | ၂၉၃၀ | ၃၀၄၀ | ၃၀၃၅ | ၂၉၃၅ | ၂၉၄၅ | ၂၉၈၀ | ၂၉၈၀ | ၂၉၈၀ | ၃၂၀၀ | ၃၄၀၀ |
| HSD (10 ppm) | ၂၈၉၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၀၅ | ၂၉၄၀ | ၂၉၆၅ | ၂၉၆၀ | ၂၉၃၀ | ၃၀၄၀ | ၃၀၃၅ | ၂၉၃၅ | ၂၉၄၅ | ၂၉၈၀ | ၂၉၈၀ | ၂၉၈၀ | ၃၂၀၀ | ၃၄၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၉၂ | ၂၃၇၁ |
| 95 Ron | ၂၃၇၆ | ၂၄၅၈ |
| HSD (500 ppm) | ၂၆၉၇ | ၂၇၈၀ |
| HSD (50 ppm) | ၂၇၇၁ | ၂၈၅၆ |
| HSD (10 ppm) | ၂၇၇၁ | ၂၈၅၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**✳ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများကို ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**❂ စာမျက်နှာ ၁၆ မှ**

### အမှားနှင့် သင်ခန်းစာ

အမှားတွေကနေ သင်ခန်းစာယူရာမှာ မိမိကိုယ်တိုင်ရဲ့အမှားတွေကနေ သင်ခန်းစာယူခြင်းနဲ့ အခြားသူတွေရဲ့အမှားတွေမှ သင်ခန်းစာယူခြင်း နှစ်မျိုးတွေ့ရပါတယ်။ သင်ခန်းစာယူနိုင်တဲ့ နှစ်မျိုးထဲကမှ ပထမတစ်မျိုးဖြစ်တဲ့ ကိုယ်တိုင်ပြုလုပ်မိတဲ့ အမှားကနေ သင်ခန်းစာယူတတ်ဖို့ ဦးစွာလိုအပ်ပါတယ်။ ကိုယ်ပြုလုပ်လိုက်တဲ့ အမှားကနေ သင်ခန်းစာယူဖို့အတွက် အဓိကလိုအပ်ချက်က မိမိရဲ့အမှားကို ကိုယ်တိုင်က သိရှိလက်ခံဖို့ဖြစ်ပါတယ်။ ဒီလို တွေးမိတာ၊ ပြောမိတာ၊ လုပ်မိတာ ငါလွဲသွားတယ်၊ ဒါမှမဟုတ် ငါမှားသွားတယ်လို့ ကိုယ်တိုင်သိရှိလက်ခံမှ ကိုယ့်ရဲ့အမှားကို ပြင်ဆင်နိုင်ဖို့ လမ်းပွင့်သွားမှာပါ။ ကိုယ်လုပ်လိုက်တာကို မှားလို့မှားမှန်းမသိဘူး၊ မှားမှန်းသိပေမယ့် အဲဒီအမှားကို လက်မခံဘူးဆိုရင် သင်ခန်းစာယူဖို့၊ ဒါမှမဟုတ် အမှားပြင်ဖို့ခက်ပါတယ်။ ကိုယ်ရဲ့ လုပ်ရပ်ကိုတောင် မှန်မှန်းမသိ၊ မှားမှန်းမသိတဲ့နောက်တော့ သူများဆီက သင်ခန်းစာယူဖို့က ပိုခက်ခဲသွားပါပြီ။

အမေရိကန်စာရေးဆရာနဲ့ ဈေးကွက်ကျွမ်းကျင်သူ Roy H. Williams က စမတ် (smart) ဖြစ်တဲ့လူတစ်ယောက်ဟာ အမှားတစ်ခုလုပ်မိရင် အဲဒီအမှားကနေ သင်ခန်းစာယူတယ်၊ အဲဒီလို အမှားမျိုးဘယ်တော့မှ ထပ်မလုပ်တော့ဘူး။ ဒါပေမဲ့ ပညာရှိ (wise man) တဲ့လူကတော့ စမတ်ဖြစ်တဲ့လူမျိုးကိုရှာပြီး သူ့ဆီကနေ အမှားတွေကို ဘယ်လိုရှောင်ရမလဲဆိုတာ သင်ခန်းစာယူတယ်လို့ ဆိုပါတယ်။ ကိုယ်တိုင်အမှားကနေ သင်ခန်းစာယူနိုင်တဲ့သူက smart man ဖြစ်ပြီး အခြားသူရဲ့ အမှားတွေကနေ သင်ခန်းစာယူနိုင်တဲ့သူက wise man ဖြစ်တယ်လို့ ဆိုတာပါ။

အမှားတွေကနေ သင်ခန်းစာယူဖို့ရာမှာ အမှားကို သိဖို့၊ လက်ခံဖို့အတွက် အမှားတွေအပေါ်ထားတဲ့ ကိုယ့်ရဲ့စိတ်သဘောထားနဲ့ သက်ဆိုင်ပါတယ်။ အမှားအမှန်သိဖို့နဲ့ မှားနေရင်လည်း လက်ခံပြီး ပြင်ဆင်လိုတဲ့စိတ်ရှိမှ သင်ခန်းစာယူနိုင်မှာဖြစ်ပါတယ်။ အများအားဖြင့် အမှားကိုမရည်ရွယ်ဘဲ လုပ်မိတတ်ကြပါတယ်။ ဒါ့အပြင် သိသိကြီးနဲ့ မှားတဲ့အမှားမျိုးလည်း ရှိကြပါတယ်။ နောက်တစ်မျိုးကတော့ ဖြစ်သွားတဲ့အမှားကို ထပ်ကာထပ်ကာလုပ်နေတာမျိုးဖြစ်ပါတယ်။ အဲဒီထဲကမှ မှားမှန်းလည်းမသိ၊ မသိတဲ့အပြင် ကိုယ့်အမှားကို အမှန်လို့ယူဆတာကြောင့် အဲဒီအမှားကို ပြင်ဖို့ကတော့ အခက်ခဲဆုံး ဖြစ်ပါတယ်။ လောကနီတိထဲက လူမိုက်ဆိုတာကို ဖော်ပြထားတာနဲ့ ဆင်တူပါတယ်။ လူမိုက်ဆိုတာကို လောကနီတိမှာ မိမိမိုက်သောအဖြစ်ကိုသိ၏။ ထိုသို့ သိခြင်းကြောင့် ထိုသို့မိုက်သောသူဖြစ်လျက်လည်း ပညာရှိမည်၏။ အကြင်လူမိုက်သည်ကား မိုက်လျက်လျှင် မိမိကိုယ်ကို ပညာရှိဟု ထင်၏။ ထိုသူမိုက်သည်သာလျှင် စင်စစ်သူမိုက်ဟူ၍ ဆိုအပ်၏လို့ ဆိုထားသလို ဖြစ်သွားမှာပါ။

### အကျိုးရှိအောင်သုံး

အမှားနဲ့မကင်းတတ်တဲ့ လူ့လောကမှာ အမှားတွေဟာ အသုံးချတတ်ရင် အကျိုးရှိပါတယ်။ တီထွင်မှုတစ်ခုလိုပဲ ပထမဆုံးစမ်းသပ်လုပ်ဆောင်ရာကနေ တွေ့လာတဲ့အမှားတွေကို ပြင်ရင်းပြင်ရင်း တိုးတက်မှုတွေ၊ အောင်မြင်မှုတွေရလာကြတာဖြစ်ပါတယ်။ သူတစ်ပါးရဲ့အမှားတွေကို သင်ခန်းစာယူတတ်လို့ ကိုယ်တိုင် နစ်နာဆုံးရှုံးမှုနည်းနည်းနဲ့ တိုးတက်လာတာတွေလည်း အများအပြားပါပဲ။ အမှားတွေဟာ အကျိုးပျက်စီးစေတယ်ဆိုပေမယ့် အသုံးချတတ်ရင် အကျိုးရှိစေလို့ ဒီကနေ့ လူသားတွေ တိုးတက်နေကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ မှားပြီးရင်း မှားနေရင်တော့ နစ်နာဆုံးရှုံးမှုတွေနဲ့ပဲ နပန်းလုံးနေရတာမို့ တိုးတက်ဖို့ ခက်ခဲပါလိမ့်မယ်။ ဒီတော့ ကိုယ်နဲ့ကိုယ့်ပတ်ဝန်းကျင် တိုးတက်ဖို့၊ မိမိတို့ကိုယ်တိုင်လည်း smart man ဖြစ်ဖို့နဲ့ wise man ဖြစ်ဖို့အတွက်ဆို အမှားတွေကို အကျိုးရှိအောင် အသုံးချကြရမှာဖြစ်ပါတယ်။ ။

ဝတ္ထုတို




## ငြိမ်းချမ်းအောင် (နတ်တလင်း)

**အခန်း (၁)**

ရွာအစွန်က နှမ်းခင်းတွေရိတ်သိမ်းချိန်ရောက်ပြီဆို ကိုထွန်းမြင့်အတွက်က လက်ထဲငွေရွှင်သော အချိန်ပင်။ နှမ်းခင်းတွေ အပိုင်ရှိလို့လည်းမဟုတ်။ အငှားရိတ်ပေးရသောကြောင့်လည်း မဟုတ်ပေ။ နှမ်းရိတ်ချိန်ရောက်လို့ ယာကွက်လွတ်ရှိလာပြီဆို ချိုးဆွဲရသောကြောင့်ဖြစ်၏။ ချိုးမဆွဲရသည့် နေ့တွေဆိုလျှင်လည်း ငါးရှာ၊ ဖားရှာ၊ ကြွက်ထိုးနှင့် ကိုထွန်းမြင့်က ရွာမှာ မုဆိုးတစ်ယောက်ဖြစ်လေသည်။

ချိုးဆွဲရသည်မှာလည်း မလွယ်ချေ။ ပိုက်ကွန်ရှိရုံဖြင့်မပြီးသေး။ အရင်ဆုံး တည်ချိုးရအောင် ရှာထားရ၏။ တည်ချိုးရပြီဆိုလျှင်လည်း ပိုက်ကွန်ကြားမှာ သည်အတိုင်း ကြိုးချည်ထားလို့ရသည် မဟုတ်။ ချိုး၏မျက်ခွံကို အပ်နှင့်ဖောက်ပြီး မမြင်ရအောင် ချည်ထားရလေသည်။ မျက်ခွံကိုချည်ရရုံဖြင့် မပြီးသေး။ အမြီးကိုပါကြိုးအရှည်ဖြင့် ထပ်ချည်ရသေး၏။ ပြီးမှ ပိုက်ကွန်ကြားတွင် ငုတ်ရိုက်ပြီး တည်ချိုးကို ထားရသည်။ သည်လိုထားခဲ့ပြီး လူက ခပ်လှမ်းလှမ်း ချုံထဲမှနေကာ ပိုက်ဆွဲဖို့ စောင့်ရလေသည်။ စောင့်နေရင်းဖြင့် တည်ချိုး၏အမြီးမှာ ချည်ထားသော ကြိုးရှည်ကိုလည်း မကြာခဏ ဆွဲပေးရ၏။ သို့မှသာ တည်ချိုးက အမြီးအဆွဲခံရသောကြောင့် တောင်ပံခတ်သည်ကို တခြားငှက်တွေမြင်ပြီး အစာကောက်ဖို့ တည်ချိုးရှိရာကို ရောက်လာမည်ဖြစ်သည်။

ထိုအချိန်တွင် မြေမှာ ဖြန့်ခင်းထားသည့် ပိုက်ကွန်ကို လူကဆွဲလိုက်ရုံမျှသာ။ ထို့ကြောင့် ချိုးထောင်သည် မခေါ်တော့ဘဲ တောခလေ့အတိုင်း ချိုးဆွဲသည်ဟုသာ ခေါ်ကြတော့သည်။ ယခုလည်း ချိုးဆွဲဖို့ စားကျက်လာကြည့်ရင်း ကိုထွန်းမြင့် ပျော်မြူးနေသည်။ ခပ်လှမ်းလှမ်းရှိ မန်ကျည်းပင်ပေါ်က ငှက်တစ်အုပ်က အန္တရာယ်ကိုမသိသောကြောင့် ကူသံပေးရင်း ဝဲပျံနေသည်ကို ကိုထွန်းမြင့် သဘောကျစွာကြည့်ရင်း နှမ်းငုတ်တွေကြားထဲ ဖြတ်လျှောက်ကာ အိမ်ပြန်လမ်းကို ဦးတည်လိုက်တော့သည်။

**အခန်း (၂)**

"မနက်က ကိုဖိုးမောင် ချိုးလာမှာသွားသေးတယ်"

ချိုးဆွဲပြီးအပြန် အိမ်ပြန်ရောက်ရောက်ချင်း ပြောလိုက်သော မိန်းမဖြစ်သူ မခင်ထွေး၏စကားကြောင့် ကိုထွန်းမြင့် ဝမ်းသာသွားရသည်။ ကိုဖိုးမောင်က ကိုထွန်းမြင့်ဆီမှာ ချိုးအမြဲယူနေကြ ဖောက်သည်တစ်ယောက်ဖြစ်၏။ အရက်ဆိုင်ဖွင့်ထားသောကြောင့် အမြည်းက လိုလာသည်။ ထို့ကြောင့် ကိုထွန်းမြင့် ဘာအကောင်ပဲရရ ကိုဖိုးမောင်ဆီ သွားရောင်းတိုင်းဝယ်လေ၏။ ဝယ်သူမရှိသေးလျှင်လည်း ရလာသောချိုးတွေကို လှောင်ချိုင့်ထဲထည့်ထားရုံမျှသာ။ ဝယ်သူလာမှ သဘောကျအောင် အမွေးနုတ် ရင်ခွဲ၍ ဟင်းဖြစ်အောင်လုပ်ပေးရလေ၏။ လက်ထဲက ချိုးလှောင်ချိုင့်လေးကို မခင်ထွေးထံလှမ်းပေးရင်း "တခြား ဘယ်သူတွေထပ်မှာသေးလဲ ခင်ထွေး၊ ငါ ဒီနေ့ ချိုးတွေအများကြီးရလာတယ်ဟ"

"မှာသူမရှိလည်း ရွာထဲလိုက်ရောင်းလို့ရနေတာပဲကို၊ ဘာတွေ စိတ်ပူနေလဲ ပုပ်သွားတာမှမဟုတ်တာ ကိုထွန်းမြင့်ရယ်"

မျက်စောင်းထိုးရင်း ခပ်ငေါ့ငေါ့ ပြောလိုက်သည့် မိန်းမဖြစ်သူ မခင်ထွေးကို ကြည့်ရင်း ကိုထွန်းမြင့် သဘောကျစွာ ပြုံးလိုက်၏။ ချိုးဆွဲသည့်အလုပ်က အကုသိုလ်ကြီးမှန်း မခင်ထွေး သိသော်လည်း ဘာမျှမပြော။ ချိုးရောင်းလို့ရသည့် ပိုက်ဆံက အိမ်စရိတ်အပြင် ပိုလျှံနေသည်ဆိုတော့ ကိုထွန်းမြင့် ချိုးဆွဲသွားသည့်နေ့ဆို များများရပါစေဟုသာ ဆုတောင်းနေခဲ့သည် မဟုတ်လား။ တစ်ခါတစ်ရံ ချိုးတွေအများကြီးရလာလို့ ရောင်းမကုန်လည်းကိစ္စမရှိ။ လှောင်ချိုင့်ထဲထား၍ အစာကျွေးကာ မွေးထားသေး၏။ လှောင်ချိုင့်ထဲက ငှက်လေးများကိုကြည့်ကာ မခင်ထွေး သနားမိသော်လည်း စီးပွားရေးအတွက်မို့ လွှတ်ပေးဖို့ တစ်ခါမျှ စိတ်မကူးခဲ့ပေ။

**အခန်း (၃)**

"ငါနှမ်းရိတ်နေတဲ့ လယ်ကွက်ဘေးမှာ ချိုးတွေပေါတယ် ထွန်းမြင့်၊ မင်းလာထောင်ပါလား ငါဝိုင်းကူပေးမယ်လေ၊ ရရင် ငါ့ဖို့ ဟင်းစားသာပေးပါ"

အရက်ကုန်သွားသည့် ခွက်ကို ဖြည့်ထည့်ရင်း ကိုသိန်းလွင်၏ စကားကို ကိုထွန်းမြင့် စဉ်းစားနေသည်။ ယခင်နေ့က တခြားရွာမှာ ချိုးသွားဆွဲပေမယ့် ထင်သလောက်မရခဲ့။ ကိုဖိုးမောင်မှာသွားသည့် ချိုးများလာပေးစဉ် အရက်ဆိုင်ထဲမှာ တစ်ရွာတည်းသား ကိုသိန်းလွင်နှင့်ဆုံ၍ အရက်အတူသောက်ရင်း ချိုးဆွဲသည့်အကြောင်းကို ပြောဖြစ်ကြသည်။

"ဒါဆိုလည်း မနက်ဖြန်မနက်ကျ ငါလာခဲ့မယ်ကွာ၊ မင်း ငှက်လှန့်ဖို့ လေးဂွယူခဲ့ဦး"

"အေးပါ ငါ နှမ်းရိတ်ရင်းစောင့်နေမယ်ကွာ"

အခါတိုင်းဆို ချိုးဆွဲသွားလျှင် ကိုထွန်းမြင့် အဖော်မခေါ်ဘဲ တစ်ယောက်တည်းသာသွားတတ်၏။ ယခု ကိုသိန်းလွင်က လိုက်မည်ဟုပြောတော့ မငြင်းရက်။ ဟင်းစားပဲပေးရမည်ဆို၍ အဆင်ပြေလှ၏။ ချိုးဆွဲပိုက်ချသည့်နေရာက သစ်ပင်တွေရှိလျှင် ပိုက်နားမှာ တည်ချိုးချထားသော်လည်း အခြားချိုးများကမလာ။ သစ်ပင်ပေါ်မှာပဲ နားနေတော့သည်။ ထို့ကြောင့် ကိုသိန်းလွင်ကို ငှက်များသစ်ပင်ပေါ်မနားအောင် လှန့်ပေးရန် လေးဂွယူခဲ့ဖို့ ထပ်သတိပေးခဲ့ပြီး ကိုထွန်းမြင့် အရက်ဆိုင်ထဲကနေ ထွက်လာခဲ့တော့သည်။

**အခန်း (၄)**

ချုံဘေးနားမှာချထားသည့် ငှက်လှောင်ချိုင့်လေးကိုကြည့်ရင်း ကိုထွန်းမြင့် သဘောကျနေသည်။ အခါတိုင်းနေ့များနှင့်စာလျှင် သည်နေ့ရသည့် ချိုးက များသည်။ ကိုသိန်းလွင်ကိုလည်း ဟင်းစားပေး၍ ညနေကျ အရက်ပါတိုက်ဦးမည်ဟု ကိုထွန်းမြင့် တွေးထား၏။ ကိုထွန်းမြင့်တစ်ယောက်တည်း ချိုးဆွဲရလျှင် သည်လောက်အများကြီးရမည် မဟုတ်။ ကိုသိန်းလွင်က လေးဂွဖြင့် လှန့်ပေး၍သာ သည်နေ့အများကြီးရသည်ကို ကိုထွန်းမြင့်သိ၏။ ထို့ကြောင့် နောက်ရက်တွေ ချိုးဆွဲသွားလျှင် ကိုသိန်းလွင်ကို ထပ်ခေါ်ဦးမည်ဟု ပြောလိုက်သည်။

"ကိုသိန်းလွင် နောက်ရက် ကျွန်တော် ချိုးဆွဲသွားရင် လိုက်ဦးမလား၊ လိုက်မယ်ဆို ဟင်းစားတင်မဟုတ်ဘူး နေ့စားခလည်း ပေးမယ်ဗျာ"

"လိုက်မှာပေ့ါ ဗျာ၊ ခင်ဗျားသွားမယ့်နေ့ကိုပြောထား၊ ကျွန်တော် လာခဲ့မယ်"

ငှက်လှန့်ပေးရုံနှင့်တင် ဟင်းစားရော ပိုက်ဆံပါရမည်ဆို၍ ကိုသိန်းလွင် ဝမ်းသာစွာ ခေါင်းညိတ်လိုက်၏။ ချိုးဆွဲသည့်အလုပ်က အကုသိုလ်များမှန်းသိသော်လည်း မပင်ပန်းဘဲ ပိုက်ဆံရသည့်မို့ ကိုထွန်းမြင့်က လုပ်မြဲသာ။ တစ်ဝမ်းတစ်ခါးအတွက် ရွာမှာ အခြားအလုပ်တွေရှိပေမယ့် လုပ်ဖို့ စိတ်မကူးခဲ့ပေ။ ချိုးစောင့်ရင်း ဗိုက်ထဲနာလာသဖြင့် ကိုသိန်းလွင်ကို ပိုက်ခဏကြည့်ရန်ပြောခဲ့ပြီး တောတိုးရန် နှမ်းခင်းဘေးက ချုံထဲ ကိုထွန်းမြင့် တိုးဝင်ပြီးထိုင်လိုက်၏။

"အား"

ကိုထွန်းမြင့်ဆီမှာ အလန့်တကြား အော်သံကြောင့် ချိုးဆွဲပိုက်ကိုထားခဲ့ပြီး ကိုသိန်းလွင် အမြန်ပြေးလာခဲ့၏။ အနားရောက်တော့ မျက်လုံးတစ်ဖက်ကို လက်ဝါးဖြင့်အုပ်ရင်း ထိုင်နေသော ကိုထွန်းမြင့်ကိုမြင်၍ ထိတ်လန့်သွားခဲ့သည်။ လက်ဝါးအုပ်ထားသည့်ကြားမှ သွေးစက်များက တစ်ပေါက်ပေါက်စီးကျနေခဲ့၏။ အနီးနားကိုကြည့်လိုက်မှ အဖြစ်အပျက်ကို ကိုသိန်းလွင် သဘောပေါက်သွားတော့သည်။ ကိုထွန်းမြင့် တောတိုးဖို့ အထိုင်မှာ နှမ်းရိုးငုတ်ဖြင့် မျက်စိကို ထိုးမိလိုက်ခြင်းဖြစ်လေသည်။ အနားကနှမ်းရိုးငုတ်မှာလည်း သွေးစက်တွေ ပေကျံနေခဲ့၏။ မျက်လုံးကို လက်ဝါးဖြင့်အုပ်ပြီး ညည်းနေသော ကိုထွန်းမြင့်ကို ဆွဲထူကာ ရွာပြန်ဖို့ အလျင်အမြန် လုပ်ရတော့သည်။

**အခန်း (၅)**

ကိုထွန်းမြင့် မျက်လုံးဒဏ်ရာက ရွာမှာတင်ကုလို့မဖြစ်တော့ မြို့ဆေးရုံသွားပြရန်ပြင်ရတော့သည်။ ဆွေမျိုးသားချင်းများကို အိမ်ခဏကြည့်ပေးရန်မှာခဲ့ပြီး ရွာကကားတစ်စီးဖြင့် မြို့ဆေးရုံသို့ အလျင်အမြန်သွားရတော့၏။ မျက်လုံးက ဒဏ်ရာကြောင့် ညည်းနေသော ယောကျ်ားဖြစ်သူ ကိုထွန်းမြင့်ကို မခင်ထွေး မကြည့်ရက်။ ဆေးရုံရောက်လျှင် သက်သာသွားမှာပါဟုသာ အားပေးစကားများ ပြောပြီး နှစ်သိမ့်လိုက်ရ၏။ မခင်ထွေး ကိုထွန်းမြင့်အဖြစ်ကို ကိုယ်ချင်းစာသော်လည်း မျှယူလို့မရသည့် အခြေအနေကြောင့် ထိုင်ကြည့်နေရုံကလွဲ၍ ဘာမျှ မတတ်နိုင်ခဲ့ချေ။

"ငုတ်ထိုးမိတဲ့ဒဏ်ရာက များသွားတော့ မျက်လုံးတစ်ဖက် ဆုံးရှုံးရမယ်ဗျာ၊ ခင်ဗျားယောကျ်ားအတွက် ကျွန်တော် စိတ်မကောင်းပါဘူး"

ဆရာဝန်ဆီမှ ကြားလိုက်ရသည့် စကားကြောင့် မခင်ထွေး မျက်ရည်ပေါက်ပေါက်ကျအောင် ခံစားလိုက်ရ၏။ ကိုထွန်းမြင့် မျက်လုံးတစ်ဖက်ဆုံးရှုံးရပေမယ့် အသက်မဆုံးရှုံးသည်ကိုပဲ ဝမ်းသာရမည်ဟု တွေးကာ စိတ်ကို ဖြေသိမ့်လိုက်ရသည်။ လူနာခန်းထဲမှာ အိပ်မောကျနေသော ကိုထွန်းမြင့်ကို ခဏထားခဲ့ပြီး ဆေးရုံနားမှာရှိသောဘုရားသို့ မခင်ထွေး လမ်းလျှောက်လာခဲ့၏။

"ငှက်လွှတ်ဦးမလား အစ်မ၊ လာကြည့်နော် ငှက်တွေ အများကြီးရှိတယ်"

ဘုရားရှေ့မှာ ငှက်လှောင်ချိုင့်လေးတွေနှင့် ငှက်ရောင်းနေသည့် ဈေးသည်ကို ကြည့်၍ မခင်ထွေး အံ့ဩသွားခဲ့၏။ အချို့လူများက ဘုရားဖူးလာရင်း ငှက်လေးများကို ဝယ်၍ လွှတ်ပေးနေသည်ကို ကြည့်ရင်း စိတ်ထဲဝမ်းသာကြည်နူးမိသလိုပင်။ အိမ်က လှောင်ချိုင့်ထဲမှာ ကျန်နေခဲ့သော ချိုးလေးများကို သတိရမိရင်း ငှက်ဖမ်းသည့်အလုပ်လုပ်မိခဲ့၍ နောင်တရမဆုံး။ ကိုထွန်းမြင့်ဆေးရုံက ဆင်းလာလျှင်လည်း ချိုးဆွဲသည့်အလုပ်ကို မလုပ်ဖို့ ပြောရမည်ဟု တွေးထားခဲ့၏။ ထို့နောက် မခင်ထွေး ငှက်ရောင်းသူဆီမှ ငှက်လေးများကိုဝယ်ပြီး ပျံလိုရာပျံပါတော့ဟု ဆန္ဒပြုရင်း ဝမ်းသာအားရစွာ လွှတ်ပေးလိုက်တော့သည်။ အမြင့်ကြီးဆီပျံတက်သွားသော ငှက်လေးများကိုကြည့်ရင်း မခင်ထွေးစိတ်ထဲ လွတ်လပ်သွားသလို ခံစားလိုက်ရ၏။ ဘုရားမှ အပြန်လမ်းတွင် မခင်ထွေးသည် နှောင်ဖွဲ့ခြင်းများကင်းလွတ်ခဲ့သည့် ငှက်လေးများကိုကြည့်ပြီး ဆုံးဖြတ်ချက်တစ်ခု ပိုင်နိုင်စွာချကာ ကိုထွန်းမြင့်ရှိရာ ဆေးရုံသို့ အမြန်လမ်းလျှောက်လာခဲ့လေတော့သည်။ ။

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များ အနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## ထူးခြားသာစွ ဝါခေါင်လ

❖ ရောင်စုံပန်းတို့ အလှဖြာ
လမြတ်ဝါခေါင်ပါ။
သိဟ်ရာသီမှာ အလှတင့်
ခတ္တာပန်းတို့ပွင့်။
❖ ပင်ယံအမြင့် ထနောင်းပင်
ဖူးပွင့်အညာတစ်ခွင်။
မိုးလေကင်းစင် နေကျဲကျဲ
ရွာလျှင်မိုးမစဲ။
❖ ကြောင်သျှစ်ပွင့်မြဲ ဆူးရစ်ပင်
ပွင့်ကြရာသီယှဉ်။
အင်းအိုင်မြစ်ပြင် ရေလျှံတက်
သပြေသီးများမှည့်။
❖ လိပ်ပြာခေါ်တဲ့ ကရင်ရိုးရာ
ချည်ဖြူပွဲတော်ပါ။
ဆွေးမျိုးစုံစွာ ဆုံတွေ့ကြ
ပွဲတော်ဝါခေါင်လ။
❖ ရှင်တော်ဗုဒ္ဓ တရားဂုဏ်
မေတ္တာသုတ်လွှမ်းခြုံ။
လှူဖွယ်အစုံ ဒါနတွဲ
စာရေးတံမဲပွဲ။
ဝါခေါင်လဌ် နွဲ။ ။

ပန်းမာလာ

## မြန်မာ့သနပ်ခါး

အခွံအခေါက် ခပ်ထူထူ
ကျောက်ပျဉ်ပေါ်သွေးယူ။
ရနံ့ကြူကြူ ပါးပေါ်လိမ်း
အရေပြားကိုထိန်း။
မိန်းကလေးများ ပါးပေါ်တင်
သနပ်ခါးနှင့်ယှဉ်။
နေ့စဉ်တိုင်းဝယ် လိမ်းကျံတော့
ရောဂါကင်းစင်ပေါ့။
လှပကြော့ရှင်း ကိုယ့်မျက်နှာ
လမင်းလေးပမာ။
ဝင်းဝင်းဝါဝါ ဖြူဖြူဖွေး
သနပ်ခါးကြောင့်လေး။
အလှပဂေး ယဉ်ကျေးမယ်
သနပ်ခါးနဲ့ကွယ်။
ပါးပြင်ထက်ဝယ် ပါးကွက်ကျား
မြင်သူတိုင်းရယ် စိတ်ဝင်စား
မြန်မာ့သနပ်ခါး။ ။

ဈာန်လေး(ပညာရေး)

ဆောင်းပါး

# စာနာသနား ဖေးမကူညီ မေတ္တာစိတ်ဟူသည်

## ဇင်မင်းစိုး(ဗိုလ်ကလေး)

လူ့လောက လူ့ဘဝတွင် လူသားအားလုံးသည် အချင်းချင်းနှင့် သဟဇာတဖြစ်အောင် နေထိုင်ကြရလေသည်။ အင်အားကြီးသူက အင်အားနည်းသူကို စာနာသနားငဲ့ညှာသင့်သလို နွမ်းပါးသူကို ပြည့်စုံသူက ဖြည့်ဆည်းကူညီပေးကြရလေသည်။

ထို့အတူ လမ်းမှားရောက်သူကို လမ်းမှန်ရောက်သူက ပဲ့ပြင်ညွှန်ကြားလမ်းမှန်ရောက်အောင် ပို့ဆောင်ရလေသည်။ အချင်းချင်းထိန်းညှိခြင်း သဘောတရားပင် ဖြစ်လေသည်။

လူ့ဘဝဟူသည် အဆိုးအကောင်းတို့ ရောပြွမ်းနေသည်ဖြစ်ရာ အရာခပ်သိမ်းတစ်သမတ်တည်း မရှိကြပေ။ ဆူကြုံနိမ့်မြင့်သဘောအရ အတက်အကျ အနိမ့်အမြင့် တစ်လှည့်စီ သံသရာလည်နေလေတော့သည်။

မိမိသည် အမြင့်ကရောက်လို့ အနိမ့်ရောက်သူကို ဖိနှိပ်ရန် မလိုသလို အနိမ့်ရောက်သူကလည်း အမြင့်ရောက်သူကို မလေးမစားပြုလုပ်ရန် မသင့်ပေ။ နေရာဌာနအလိုက် ဖြစ်တည်မှုသဘောကို လက်ခံကြရပေမည်။ အကျိုးအကြောင်း၊ အဆိုးအကောင်းဟူသည် ဖြစ်ရပ်တို့ကို ခွဲခြမ်းစိတ်ဖြာ၍ သဘာဝလောကနှင့် သဟဇာတဖြစ်အောင် ပြုမူနေထိုင်သင့်ပေသည်။

လူ့လောကဘဝခရီးလမ်းကို ကိုယ်စီလျှောက်လှမ်းကြရာတွင် လူတိုင်းသည် အမှားနှင့် မကင်းကြပေ။ အမှားကိုယ်စီ ပြုလုပ်ဖူးကြပေလိမ့်မည်။ ထိုသို့ အမှားပြုလုပ်မိရာတွင် တစ်ခုသတိပြုရမည်မှာ မိမိပြုလုပ်ခဲ့သည့်အမှားအတွက် အချိန်မီပြင်ဆင်မှန်ကန်ရေးသည် အလွန်အရေးပါလေသည်။

ကျွန်တော် ရုံးဌာနအသီးသီးတွင် အဆင့်ဆင့် တာဝန်ထမ်းဆောင်ဖူးလေသည်။ လူ့သဘာဝ အဖွဲ့အနွဲ့ ဖြစ်ရပ်ကလေးများကို မကြာခဏ တွေ့မြင်ရလေသည်။ ပုထုဇဉ်သဘောပီပီ စိတ်ဆိုးအမျက်ထွက်၍ ပြောဆိုကြ၊ ငြင်းခုံကြလေသည်။ အမှန်တရားနှင့် ငြိမ်းချမ်းရေးကို ရှေးရှုခြင်းထက် မိမိလုပ်ရပ်မှန်သည်ဆိုသည့် အချက်ကို ဦးစားပေးကျုံးသွင်းပြောဆိုလေ့၊ ခံယူလေ့ရှိကြသည်ကို အများအားဖြင့် တွေ့မြင်ရလေသည်။

“ပြောနေရင်းနဲ့ ဖြစ်တာလေ အလေးမထားလို့ပေါ့”

“ကောင်းအောင် အကြံပေးတာကို စေတနာနားမလည်ဘဲ ဆက်လုပ်တော့ ထင်တဲ့အတိုင်းဖြစ်ပြီ”

“အဖွဲ့အစည်းနဲ့လုပ်တာဆိုတော့ တစ်ယောက်က ဇွတ်လုပ်ရင် တစ်ဖွဲ့လုံး ထိခိုက်တယ်။ ဆင်ခြင်ဖို့ ကောင်းပါတယ်”

“လူကြီးနဲ့လူငယ်မှာ လူငယ်က နာခံသင့်တယ်လေ”

“ရပ်ရွာထဲမှာ အားလုံးက ပူးပေါင်းဆောင်ရွက်ကြတယ်။ သူတို့သာ ကန့်လန့်တိုက် နေထိုင်နေတာ”

စသဖြင့် မိမိမြင်ရာကို မိမိဆန္ဒလေး ထင်ဟပ်အောင် ပြောဆိုသည်ကို တွေ့မြင်ရသလို တစ်ဖက်ကလည်း သူ့လုပ်ဆောင်ချက် နည်းလမ်းကျသည်ဟု ထင်မှတ်ပုံကို ပြောဆိုကြလေသည်။

“ကောင်းတယ်ထင်လို့ လုပ်လိုက်တာ။ စေတနာအမှား ဖြစ်သွားတာပဲ”

“ကိုယ့်အဖွဲ့ကလေး သက်သာပါစေတော့ဆိုပြီး လုပ်လိုက်တာ နောက်ဆုံးတော့ အပြစ်ဖြစ်သွားခဲ့ပြီ”

“စားဝတ်နေရေး ကျန်းမာရေးကတစ်ဖက်၊ စီးပွားရေးက တစ်ဖက်ဆိုတော့ တစ်ခါတလေ စကားပြောလောသွားပြီ အမှားပါသွားတာပါ” စသည်ဖြင့် ဖြေသိမ့်မှုဖြင့် ရှောင်ရှားမှုကို ဝိဝါဒကွဲပြားစွာ ပြောဆိုကြသည်ကိုလည်း တွေ့မြင်ကြားသိရပြန်လေသည်။

မည်သို့ပင် ပြောဆိုကြစေကာမူ အဓိက အရင်းခံအဖြေမှာ အားလုံးအတူတကွ အေးချမ်းပျော်ရွှင်စွာ ယှဉ်တွဲနေထိုင်ကြစေရေးပင် ဖြစ်လေသည်။ တစ်ဦးနှင့်တစ်ဦး မခေါ်မပြောကြဘဲ မာနယှဉ်ပြိုင်နေထိုင်ခြင်းသည် မိမိစိတ်ကိုမိမိ ညှဉ်းဆဲခြင်းနှင့်တူလေသည်။ ပါးစပ်က ရဲဝံ့စွာ တောင်းပန်စကား ဆိုလျှင်ဖြင့် အရာအားလုံးအေးငြိမ်းပြီး မိမိအမှား သိမြင်ကာနောင်တတို့ဖြင့် ဝေးကွာရမည်ဖြစ်လေသည်။ ထို့ကြောင့် လူကြီးသူမများက –

**“ချစ်အောင်ပြောလည်း ဒီပါးစပ်**
**မုန်းအောင်ပြောလည်း ဒီပါးစပ်ပဲ”**
**“နှုတ်ချို လျှိုတစ်ပါး”**
**“ကြမ်းကျုံလျှင် နှုတ်လို့ရသည်၊**
**စကားကျုံလျှင် နှုတ်လို့မရပါ”**

**“နှုတ်တစ်ရာ စာတစ်လုံး”** စသည်ဖြင့် ပြောဆိုဆုံးမထားခဲ့လေသည်။

ကျွန်တော်တို့ အိမ်ဘေးနားတွင် မကြာခဏ ရန်ဖြစ်တတ်သော ညီအစ်ကိုနှစ်ယောက်ရှိလေသည်။ တစ်ကြိမ်တွင် အချင်းချင်း ရန်ပွဲဖြစ်၍ ကျွန်တော်ကိုယ်တိုင် ရန်ပွဲဖျန်ဖြေကာ ပြဿနာငြိမ်းစေရလေသည်။

နောက်ရက်အနည်းငယ်အကြာတွင် အစ်ကိုဖြစ်သူကို ကျွန်တော်က ဆုံးမလေသည်။

“မင်းညီလေးကွာ သူ့ကျောကုန်းကို မင်းခြေထောက်နဲ့ ကန်လိုက်တာ။ သူအတော် နာသွားတယ်။ သူလည်း ကျောနာတယ်လို့ ပြောတယ်ကွ။ ကျောနာတာထက် ညီအစ်ကိုအရင်းက မညှာမတာလုပ်လို့ ရင်နာတာက ပိုဆိုးတာပေါ့။ မင်းသူ့ကို အဲဒီလိုလုပ်လိုက်တော့ မင်းဘာရလို့လဲ။ မင်းတို့ ညီအစ်ကိုတွေပဲလေ။ သူ အဲ့လို ခံစားရတော့ မင်းဝမ်းသာနိုင်လို့လား။ နောက် အဲဒီလိုမစဉ်းစားမဆင်ခြင်ဘဲ မလုပ်ရဘူး။ ကိုယ့်ညီလေးကို ကိုယ်ပဲသနားညှာတာရမှာလေ။ မင်းမှမသနားရင် ဘယ်သူက သနားညှာတာမှာလဲ” စသဖြင့် အခြေခံကျောင်းဆရာပေါက်စ ကျွန်တော်က ဖွဲ့နွဲ့ဆုံးမလိုက်တော့ သူ့မျက်ဝန်းထဲ စိတ်မကောင်းသည့်ဟန် ဖြစ်ပေါ်လာလေသည်။

“ကျွန်တော်လည်း လုပ်ပြီးမှ မှားတယ် ဆရာရယ်။ ကျွန်တော်သူ့ကိုကန်ပြီး တော်တော်စိတ်မကောင်းဖြစ်ရတယ်။ နောက်တစ်ခါ ကျွန်တော် ဘယ်တော့မှ အဲဒီလို မလုပ်တော့ပါဘူး”ဟု ပြောရင်း အသံတိမ်ဝင်သွားလေသည်။

ကျွန်တော်ကပဲ မခေါ်မပြောဖြစ်နေကြတဲ့ ညီအစ်ကို နှစ်ယောက်ကို ကိုယ့်အမှားကိုယ် ဝေဖန်ဆန်းစစ်စေပြီး မှားတဲ့သူကို ဝန်ချတောင်းပန်စေလေသည်။

“တောင်းပန်ရတာကို မရှက်ကြနဲ့ကွ။ တောင်းပန်တာက မိမိကိုယ်ကို နောက်တစ်ခါ ဒီလိုမဖြစ်အောင် ရှောင်ကြဉ်နိုင်အောင် ပြန်ဆုံးမတာပါပဲ။ ပြဿနာဖြစ်တိုင်း စိတ်ထိန်းနိုင်အောင် လေ့ကျင့်ပေးတာနဲ့ အတူတူပဲ” ဟု တောင်းပန်ခြင်း၏ ကောင်းကျိုးများနှင့် နက်နဲသောအဓိပ္ပာယ်ကို ရှင်းလင်းရင်း ပြောဆိုဆုံးမခဲ့ခြင်းဖြင့် ညီအစ်ကိုနှစ်ဦး၏ ချစ်ခြင်းမေတ္တာကို ဆက်လက်ပျိုးထောင်ရှင်သန်စေခဲ့လေသည်။

တစ်ခါတစ်ရံ မိမိကိုယ်ကို အမှားမရှိဟု ယှဉ်ပြိုင်နေကြသူတွေကြားတွင် ကောင်းမွန်မှန်ကန်စွာ ဝင်ရောက်ဖျန်ဖြေပေးသူ တစ်ဦးတစ်ယောက်တော့ ရှိသင့်သည်ဟု ထင်မိလေသည်။

မြန်မာတို့၏ ချစ်စရာ့ဓလေ့တစ်ခုတွင်လည်း တစ်ဦးနှင့်တစ်ဦး အချင်းချင်း မသင့်မမြတ်ဖြစ်ကြလျှင် ကြားလူများက ဝင်ရောက်ဖျန်ဖြေပေးသည့် ယဉ်ကျေးမှုသည် မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုတစ်ခုပင်ဖြစ်လေသည်။ အနောက်ပိုင်းယဉ်ကျေးမှုနှင့်ကမ္ဘာ့ယဉ်ကျေးမှုတို့တွင် ရန်ပွဲဖြစ်ရာ၌ အများက ဝင်ရောက်ဖျန်ဖြေပေးကြသည်ကို မတွေ့မမြင်ရပေ။ မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ ယဉ်ကျေးမှုတစ်ခုပင် ဖြစ်ပါသည်။

ဌာနတစ်ခုတွင် ဝန်ထမ်းအချင်းချင်း အပြင်းအထန် ပြဿနာဖြစ်ကြသည်ကို တွေ့မြင်ဖူးလေသည်။ အရင်က အလွန်သင့်မြတ်ကြပြီး ကိစ္စတစ်ခုကြောင့် အထင်အမြင်လွဲမှားစွာ ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံကြခြင်း ဖြစ်လေသည်။

အချိန်အတန်ကြာစွာ စကားမခေါ်မပြောနေကြလေသည်။ တစ်ဦးနှင့်တစ်ဦး ပြောစရာရှိလျှင်လည်း ကြားခံလူတစ်ဆင့်သုံး၍ ပြောဆိုဆက်သွယ်ကြလေသည်။ အားလုံးက သူတို့ကိုကြည့်၍ စိတ်မကောင်း ဖြစ်ကြရလေသည်။

ဖြစ်ခဲ့သော ပြဿနာသည် အချိန်ကြာလာတော့ ဘာမှမဟုတ်တော့မှန်း နားလည်သော်လည်း တစ်ဦးနှင့်တစ်ဦး စကားပြောဖို့ရန် တွန့်ဆုတ်နေကြလေသည်။ မိမိတို့အမှားအတွက် တောင်းပန်ရမည်ကို ဝန်လေးနေဟန်ရှိလေသည်။

“ဆရာမက အငယ်ပဲ။ အရင်စပြီး နှုတ်ဆက်ခေါ်ပြောလုပ်လိုက်ပါလားဗျ။ စကားအရင် စပြောတာလည်း တောင်းပန်ခြင်းတစ်မျိုးပါပဲ။ တိုက်ရိုက်တောင်းပန်တာ မဟုတ်ပေမယ့် သွယ်ဝိုက်တောင်းပန်တာနဲ့ အတူတူပါပဲ။ သူလည်း နားလည်ခွင့်လွှတ်မှာပါ။ တောင်းပန်ရတာကို မရှက်၊ မကြောက်၊ မတွန့်ဆုတ်ပါနဲ့ ဆရာမရယ်၊ တောင်းပန်တာက မိမိအတွက် တစ်သက်လုံး လိပ်ပြာလုံ အေးချမ်းစေပါတယ်”ဟု ကျွန်တော်က တောင်းပန်မှုရဲ့ လွတ်လပ်ပွင့်လင်းအေးချမ်းပုံကို ရှင်းပြပြီး အချင်းချင်း သင့်မြတ်မှုကို ရှာဖွေပေးခဲ့ဖူးလေသည်။

အချင်းချင်း ကြာမြင့်စွာ မခေါ်မပြောနေခဲ့ကြရာမှ ပြန်ခေါ်ပြောကြတော့ တစ်ဦးနှင့်တစ်ဦး ဖက်လှဲတကင်း မျက်ရည်စို့ ဝမ်းနည်းကြသည်။ ကြည့်နေသူကျွန်တော်တို့မှာလည်း သူတို့နှစ်ဦးအတွက် ဝမ်းနည်းဝမ်းသာဖြင့် ပြုံးသူမှာ မျက်ရည်စတွေနှင့်ပမာ ခံစားကြရလေသည်။

ကျွန်တော်ငယ်ငယ်က ဖတ်ခဲ့ရသည့် ဝတ္ထုတိုတစ်ပုဒ်ကို ပြန်ပြောင်းသတိရမိလေသည်။ များစွာသင်ခန်းစာယူဖွယ် ဖြစ်ရပ်ကလေး ဖြစ်လေသည်။

သားဖြစ်သူ နိုင်ငံခြားက ပြန်လာတော့ အဖေနှင့်အမေကို နိုင်ငံခြားဖြစ် မုန့်ပဲသရေစာနှင့် လူသုံးကုန်ပစ္စည်းများစွာဖြင့် ကန်တော့သည်။ မိဘများကလည်း အချိန်ကြာမြင့်စွာ ခွဲခွာနေရသော သားဖြစ်သူနှင့် ပြန်ဆုံစည်းရသဖြင့် မျက်ရည်စက်လက်ဖြစ်ကြရလေသည်။

အဖေဖြစ်သူက ကျန်းမာရေး မမာဖြစ်သဖြင့် သားဖြစ်သူက –

“အဖေ ဘာစားချင်လဲ။ သားဝယ်ကျွေးမယ်” ဟု မေးလေရာ ဖခင်ဖြစ်သူက –

“အဖေ ဈေးထိပ်က အီကြာကွေး စားချင်တယ် သားရယ်” ဖြေလေသည်။

“သား မြို့ထဲရောက်ရင် ဝယ်လာခဲ့မယ်နော် အဖေ”ဟု ပြောရင်း သားဖြစ်သူက အရေးပေါ်နိုင်ငံခြားပြန်ရမည့် ကိစ္စပေါ်သဖြင့် သံရုံးသွား၊ ဗီဇာကိစ္စ၊ အခွန်ကိစ္စများဖြင့် အလုပ်ရှုပ်၍ အချိန်တန်တော့ နိုင်ငံခြား ပြန်ထွက်ခဲ့လေသည်။

နိုင်ငံခြားရောက်ပြီး လအနည်းငယ်အကြာမှာပင် –

“မင်းအဖေ ဆုံးပြီး လူကလေး” ဟူသော အမေ၏ ငိုသံစွက် အသိပေးပြောကြားမှသာ ဖခင်ကြီးတောင့်တနေသော “ဈေးထိပ်က အီကြာကွေး” စားချင်ခဲ့သည်ကို မကျွေးခဲ့ရသည့်အတွက် ပြန်ပြောင်းအမှတ်ရပြီး ဝမ်းနည်းပူဆွေးဖြစ်ရလေသည်။

ဘာမှ မဟုတ်သော အရာလေးက သားဖြစ်သူအတွက် နောင်တတရားများ ပေးခဲ့လေသည်။ သင်ခန်းစာယူဖွယ် ဖြစ်ရပ်ကလေးတစ်ခုပင် ဖြစ်လေသည်။

ဝတ္ထုအဆုံးတွင် “အဖေကို ချစ်လျှင် ချစ်တယ်၊ အမေကို ချစ်လျှင် ချစ်တယ်” ဟု သူတို့ သိအောင် ပွင့်လင်းစွာ ပြောဆိုသင့်ကြောင်း စာရေးသူက ဆုံးမထားလေသည်။

ထိုနည်းပမာတူစွာပင် လူ့ဘဝတိုတိုတွင် တစ်ဦးနှင့်တစ်ဦး အငြိုးအာဃာတ၊ အမုန်းတရား၊ မာန်မာနတို့ကို ပယ်ခွာပြီး ချစ်ခြင်းတရား၊ မေတ္တာတရား၊ စေတနာတရားတို့ကို ရင်မှာထာဝစဉ် ပွေ့ဖက်ကာ ရန်ရန်ချင်းမတုံ့ပြန်ဘဲ အမှားရှိက တောင်းပန်ကြခြင်းဖြင့် ငြိမ်းချမ်းသော ပစ္စုပ္ပန်အနာဂတ်တို့ကို အေးချမ်းစွာ ဖြတ်သန်းလျှောက်လှမ်းကြစေရန် အကြံပြုရေးသားဖော်ပြလိုက်ရပါတော့သည်။ ။

# (၁၆)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးသို့ တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံသို့ထွက်ခွာ



နေပြည်တော် ဩဂုတ် ၂၀

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည့်(၁၆) ကြိမ်မြောက်အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး(16th ASEAN Navy Chiefs' Metting– 16th ANCM) သို့ တက်ရောက်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

**ပို့ဆောင်နှုတ်ဆက်**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တပ်မတော်အရာရှိကြီးများက လေဆိပ်၌ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၂၀

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ မြင်းခြံမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်တို့မှ PDF အဖွဲ့ဝင်များအား ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်သူရိန်ထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော အောင်မြေသာစံမြို့နယ်၊ မြင်းခြံမြို့နယ်နှင့် တမူးမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ခြောက်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်မှ PDF အဖွဲ့ဝင်များကို ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် စဉ့်ကူးမြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် သပိတ်ကျင်းတပ်နယ်မှ ဗိုလ်မှူးချုပ် အောင်အောင်နှင့် တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး စဉ့်ကူးမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး ထောက်ပံ့ပစ္စည်းများပေးအပ်သည်။ ထို့နောက် ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်တစ်ဦး၏ ဖခင်ဖြစ်သူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် ဩဂုတ် ၂၀

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည် ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်း စိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒိုက်ဦးမြို့နယ်၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

ဒိုက်ဦး ဩဂုတ် ၂၀

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးလုပ်ငန်းများ စဉ်ဆက်မပြတ် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးရိက္ခာဖူလုံစေရန်နှင့် ငါးသယံဇာတများ တိုးပွားလာစေရန်ရည်ရွယ်၍ သဘာဝရေပြင်အတွင်း ဒုတိယအကြိမ် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၈ ရက်က နတ်ကင်းကျေးရွာ ဦးပွတံတား၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် နှစ်လက်မ အရွယ် ငါးမြစ်ချင်းကောင်ရေ ၃၀၀၀၀၀ နှင့်ငါးခုံးမကြီးကောင်ရေ ၇၀၀၀၀ ကို နတ်ကင်းကျေးရွာရှိ သဘာဝရေပြင်အတွင်း ငါးမျိုး စိုက်ထည့်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ဒိုက်ဦး)**





## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထိန်းသိမ်းနည်း သင်တန်းပို့ချ

ပုသိမ် ဩဂုတ် ၂၀

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအား မြင်းကကွင်းကျေးရွာတွင် ဆောင်ရွက်မည်ဖြစ်ရာ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအား အများဆန္ဒနှင့်အညီ ကျေးရွာအရောက် ကွင်းဆင်း၍ လက်စွဲစာစောင်စည်းကမ်းချက်များနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။

ထိုသို့ရွေးချယ်ထားသော မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအား ဩဂုတ် ၁၈ ရက်တွင် မြစိမ်းရောင်ရန်ပုံငွေထိန်းသိမ်းနည်းသင်တန်းအဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့၏ တာဝန်များ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၏တာဝန်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့၏ ခံစားပိုင်ခွင့်များကို ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေးနိုင်နှင့် ဝန်ထမ်းများက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး၌ သင်တန်းပို့ချပေးခဲ့သည်။ ၂၂၂

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်


၁။ ဝေဘာဂီမြို့သစ်၊ ရတနာလမ်းမကြီးဘေး၊ လမ်းမကျယ်၊ မျက်နှာဝကျယ်၊ စီးပွားရေးလုပ်ကိုင်ချင်သူများနှင့် ခြံဝင်းကျယ်ကျယ် နေလိုသူများအတွက် သက်သာသောဈေး မျက်နှာဝ ပေ ၈၀၊ ရှေ့နောက် ပေ ၈၅၊ မြေပိုပါပြီး၊ ပတ်ဝန်းကျင်ကောင်း၊ ၁-ထပ်တိုက်၊ ရေ၊ မီးပါ။ ကျပ်သိန်း (2150)

၂။ ခြံဝင်းကျယ်ကျယ်နှင့်နေလိုသူများ၊ သက်သာသောဈေးနှုန်းဖြင့် ပစ္စည်းကိုင်ထားပြီး တန်ဖိုးတက်လိုသူများ၊ဘယ်လိုမှမရနိုင်သော အလွန်သက်သာသောဈေးနှင့်မြေကွက်၊ ဈေးမှာမြောက်ဒဂုံရပ်ကွက်အတွင်းရှိသော ပေ၄၀ x ပေ၆၀ မြေတစ်ကွက်၏ တန်ဖိုးမျှသာရှိသော မြေကွက်၊ ခြံစည်းရိုးခတ်ပြီး၊ ရေ၊ မီးပါ၊ မြေအကျယ် sqft 6468 ရှိသော မြေကွက်၊ သာကေတ၊ ရတနာအိမ်ရာ၊ VIP မြေကွက်။ ကျပ်သိန်း (4200)

၃။ ရန်ကုန်မြို့လယ်ကောင်တွင် သွားရေးလာရေးလွယ်ကူပြီး၊ အချက်အချာကျနေရာကောင်း၊ မဟာဗန္ဓုလလမ်းမကြီးဘေး၊ ကွန်ဒိုတိုက်ခန်း၊ ဒုတိယထပ်၊ sqft ၁၃၀၀ ကျော်၊ Master Bedroom (၁)ခန်း၊ ရိုးရိုးအိပ်ခန်း(၂)ခန်း၊ ဝရန်တာကျယ်၊ လေကောင်းလေသန့်ရသောနေရာ၊ အဆင့်မြင့်ပြင်ဆင်ပြီး။ ကျပ်သိန်း(2050)

၄။ နေပြည်တော်တွင် စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ခြံကျယ်ကျယ်နှင့်နေလိုသူများ၊ (၁၃)ကေခန့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှေ့၊ ကျည်တောင်ကန်ခါးဖြတ်လမ်း၊ လမ်းမကြီးဘေးမေးတင်၊ ယာမြေ၊ ဆင်သေချောင်းဘေး။ (၁)ကေ- ကျပ်သိန်း (350)

၅။ နေပြည်တော်အမြန်လမ်းမကြီးဘေး၊ ၈၇ မိုင်၊ စီးပွားရေးလုပ်ကိုင်လိုသူများ မျက်နှာဝ ပေ ၂၀၀ ကျော်၊ ရှေ့နောက် ပေ ၂၅၀ ခန့်၊ မြို့ချောင်းအနီး။ ကျပ်သိန်း (430)

၆။ ဆယ်အိမ်တန်းကမ်းခြေ၊ ဘန်ဂလို (၁၅)လုံး၊ စားသောက်ခန်းမ(၁)ခု၊ ဆီဆိုင်၊ ဝန်ထမ်းလိုင်းခန်းပါ၊ ညှော့ရိပ်သာ။ ကျပ်သိန်း (12000)

**Ph:09-5178979, 09-43022828, 09-776187674, 09-667204888, 09-451146685**



**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၇၊ မြေကွက်အမှတ်-၃၅၆/က၊ အကျယ်အဝန်း(၂၀ပေx ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၃၅၆ (က)၊ ဝိသာခါလမ်း၊ (၈၇)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်ဟုခေါ်တွင်သည့် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဒေါ်တင်သန်း (TKA-၀၄၁၄၉၃) အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အားရောင်းသူ ဦးဖေသိန်း [၁၄/သဝခ(နိုင်)၀၁၂၄၆၁]မှ (၂-၃-၂၀၀၃) ရက်စွဲပါ "နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင် အရောင်းအဝယ်သဘောတူစာချုပ်"အရ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများမူရင်းနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)**
**အမှတ်(၄၅/၁)၊ မြေညီထပ်၊ (၄၃)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၁၃၁၂၉၂**



**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/ ရွှေပေါက်ကံ၊ မြေကွက်အမှတ်-၄၃၈၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၄၃၈၊ ဦးဖိုးကျားလမ်း၊ (၁၆)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ ရန်ကုန်မြို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနတွင် ဒုတိယဗိုလ်မှူးကြီးကြည်ဝင်း [၁၂/ဒဂန(နိုင်)၀၁၂၅၄၈] အမည်ပေါက်လျက်ရှိသော မြေကွက် ဖြစ်ပါသည်။ အဆိုပါမြေကွက်အား (၃၀-၁၂-၂၀၀၅)ရက်စွဲပါ ဆက်စပ်စာချုပ်အရ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးကျော်ကျော်[၁၂/ဗဟန(နိုင်)၀၂၁၀၈၃]ထံမှ တရားဝင် မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀x၆၀)ပေရှိ (ခြေရင်းဘက်ခြမ်း)၊ မြေကွက်အားဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)**
**အမှတ်(၄၅/၁)၊ မြေညီထပ်၊ (၄၃)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၁၃၁၂၉၂**



**ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်း ရပ်ကွက်၊ ထီးတန်းလမ်း၊ အမှတ်-၂၃ ဟုခေါ်တွင်သော အိမ်မြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်**

အထက်ဖော်ပြပါ လိပ်စာရှိ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅ E၇၊ မြေကွက်အမှတ်-၁၁၊ ဧရိယာ(၀.၀၄၁)ဧက အကျယ်ရှိ နှစ်(၉၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သည့် ဒေါ်ကျင်ဝေ [၁၂/အလန(နိုင်)၀၁၆၆၄၆] နှင့် ဦးဆန်းဦး [၁၂/အလန(နိုင်)၀၁၆၆၄၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့် ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၆၇၀၂**
**ယူနိုက်တက်ကွန်ဒို၊ အခန်း-၁၁၁၊ အလံပြဘုရားလမ်းနှင့် နဝဒေးလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**


## အနုပညာ

**အေးပြည့် - ရေးသားသည်**

### Twilight ဇာတ်လမ်းတွဲမှာ ပါဝင်ခွင့်မရခဲ့တဲ့ တေလာဆွစ်

အမေရိကန်ရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်တဲ့ တေလာဆွစ်ဟာ Twilight ဇာတ်လမ်းတွဲရဲ့ အမာခံပရိသတ်တစ်ဦးဖြစ်ပါတယ်။ သူဟာ အဆိုပါဇာတ်လမ်းတွဲမှာ တစ်ခန်းစာလောက်ပါဝင်ရိုက်ကူးခွင့်ရဖို့အတွက် ဒါရိုက်တာကို တောင်းဆိုခဲ့ပေမယ့် အငြင်းခံခဲ့ရတာကြောင့် ပါဝင်ခွင့်မရခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါဇာတ်လမ်းတွဲရဲ့ ၂၀၀၉ ခုနှစ်အတွင်း ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ New Moon ရုပ်ရှင်မှာ တေလာဆွစ်က ပါဝင်ခွင့်တောင်းဆိုခဲ့တာပါ။ ဒါပေမယ့် အဆိုပါရုပ်ရှင်ရဲ့ ဒါရိုက်တာ Chris Weitz က တေလာဆွစ်ကို ပါဝင်ခွင့်မပေးခဲ့ပါဘူး။ ၎င်းပြောကြားချက်အရ တေလာဆွစ်ကြောင့် ဇာတ်လမ်းတွဲ ပရိသတ်တွေအနေနဲ့ အာရုံထွေပြားသွားတာမျိုးမဖြစ်စေချင်ကြောင်း သူက ဆိုပါတယ်။

၎င်းက တေလာဆွစ်ဟာ ဇာတ်လမ်းတွဲကို အလွန်နှစ်သက်တဲ့ ပရိသတ်တစ်ဦးဖြစ်ပေမယ့် ဇာတ်လမ်းတွဲမှာ သူပါဝင်လိုခြင်းဟာ သူ့ရဲ့ဆန္ဒဖြစ်ပြီး သူဒီလိုပါဝင်လိုခြင်းဟာ ပရိသတ်တွေအတွက် ရည်ရွယ်ခြင်းမဟုတ်ဘဲ သူ့အတွက်သာဖြစ်ကြောင်း ဆိုပါတယ်။



တေလာဆွစ်ဟာ အဆိုပါဇာတ်လမ်းတွဲမှာ ပါဝင်ခွင့်ရဖို့ရာ ကိုယ်စားလှယ်ကနေတစ်ဆင့် ဆက်သွယ်ခဲ့ပေမယ့် အငြင်းခံခဲ့ရတာလည်း ဖြစ်ပါတယ်။



### ကွန်ဖူးပန်ဒါ ၄ ရုပ်ရှင်သစ်ကို ၂၀၂၄ ခုနှစ်အတွင်း ထုတ်လွှင့်မည်

အောင်မြင်တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်တဲ့ ကွန်ဖူးပန်ဒါရုပ်ရှင်တွေရဲ့ လေးကားမြောက်ရုပ်ရှင် ပြသမယ့်အချိန်ကို လတ်တလောမှာ ကြေညာခဲ့ပါတယ်။ အဆိုပါ ရုပ်ရှင်ကို ၂၀၂၄ ခုနှစ် မတ် ၈ ရက်မှာ စတင်ထုတ်လွှင့်ပေးဖို့ရာ စီစဉ်ထားကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

### စံချိန်သစ်တင်နိုင်ခဲ့တဲ့ BLACKPINK

တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ BLACKPINK ဟာ အဖွဲ့ရဲ့ တေးသီချင်းသစ်နဲ့အတူ အောင်မြင်မှုတွေ ထပ်ဆောင်းရရှိခဲ့တာ တွေ့ရပါတယ်။ အဖွဲ့ရဲ့ တေးသီချင်းသစ် Pink Venom ကို ဩဂုတ် ၁၉ ရက်မှာ စတင်ထုတ်လွှင့်ခဲ့ရာမှာ လတ်တလောမှာကြည့်ရှုသူ သန်း ၁၀၀ ပြည့်မြောက်ခဲ့ပါတယ်။ ဒါ့အပြင် အဆိုပါ တေးဗီဒီယိုဟာ အမျိုးသမီး ကေပေ့ါပ်တေးဂီတအဖွဲ့တွေရဲ့ တေးသီချင်းတွေအနက် ကြည့်ရှုသူသန်း ၁၀၀ အချိန်အတိုဆုံးနဲ့ ပြည့်မြောက်ခဲ့တဲ့ တေးဗီဒီယိုအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ တေးသီချင်း Pink Venom ဟာ အဖွဲ့ရဲ့ ဒုတိယမြောက်တေးအယ်လ်ဘမ် Born Pink မှာ ပါဝင်မယ့် တေးသီချင်းလည်းဖြစ်ပါတယ်။ ယင်းတေးသီချင်းကို စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ၂၉ နာရီအကြာမှာ ယူကျူကနေတစ်ဆင့် ကြည့်ရှုခဲ့သူ သန်း ၁၀၀ ပြည့်မြောက်ခဲ့တာလည်း ဖြစ်ပါတယ်။

Pink Venom ရဲ့ ပရိသတ်တွေထဲမှာ ဘောလုံးကြယ်ပွင့် တစ်ဦးဖြစ်သူ ဘရာဇီးဘောလုံးသမား နေမာလည်း ပါဝင်နေပါတယ်။ နေမာကသူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ Pink Venom ရဲ့ တေးဗီဒီယိုကို ဖော်ပြခဲ့ပြီး သူလည်းကြိုက်နှစ်သက်ကြောင်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ BLACKPINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျန်းနီက အဆိုပါတေးသီချင်းသစ်ရဲ့ တေးဗီဒီယိုမှာ မန်ချက်စတာယူနိုင်တက် အသင်းအင်္ကျီကို ဝတ်ဆင်ထားပြီး အဆိုပါအင်္ကျီမှာ နေမာက ယခုနှစ်အစောပိုင်းမှာ လက်မှတ်ရေးထိုးပေးခဲ့တာလည်း ဖြစ်ပါတယ်။

○ ကျောဖုံးမှ

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် စပါးအသင်းနဲ့အတူ ပရီမီယာလိဂ်သွင်းဂိုးစုစုပေါင်း ၁၈၅ ဂိုးအထိရှိလာခဲ့ပြီး စပါးအသင်းအတွက် ပြိုင်ပွဲစုံသွင်းဂိုးကတော့ ၂၅၀ အထိရှိလာခဲ့တာလည်း ဖြစ်ပါတယ်။

**သွင်းဂိုး ၁၀၀၀ အထိသွင်းယူနိုင်**

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ စပါးအသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်ပြိုင်ပွဲစတင်တည်ထောင်ခဲ့တဲ့ ၁၉၉၂ ခုနှစ်နောက်ပိုင်း အိမ်ကွင်းမှာ ပရီမီယာလိဂ်သွင်းဂိုး ၁၀၀၀ အထိသွင်းယူနိုင်ခဲ့တဲ့ ငါးသင်းမြောက် ပရီမီယာလိဂ်အသင်းလည်း ဖြစ်လာခဲ့ပါတယ်။

စပါးအသင်းဟာ ဝုလ်ဗာဟမ်တန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် သုံးပွဲကစားပြီးချိန်မှာ ရမှတ်ခုနစ်မှတ်ရရှိခဲ့ကာ ပရီမီယာလိဂ်အမှတ်ပေးဇယားကို ယာယီဦးဆောင်ခွင့်ရရှိခဲ့ပြီး ဝုလ်ဗာဟမ်တန်အသင်းကတော့ စပါးအသင်းကို ရှုံးနိမ့်ခဲ့လို့ သုံးပွဲကစားပြီးချိန်မှာ ရမှတ်တစ်မှတ်နဲ့ အဆင့် ၁၆ နေရာမှာ ရပ်တည်နေတာလည်းဖြစ်ပါတယ်။

ငွေကြေယ်


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်း လျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းနှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | |
|---|---|---|
| (၁) အင်္ဂလိပ်စာ | ၀၉၀၀ နာရီမှ | ၁၁၀၀ နာရီအထိ။ |
| (၂) ဇီဝဗေဒ | ၁၃၀၀ နာရီမှ | ၁၅၀၀ နာရီအထိ။ |

(ခ) တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | |
|---|---|---|
| (၁) အင်္ဂလိပ်စာ | ၀၉၀၀ နာရီမှ | ၁၁၀၀ နာရီအထိ။ |
| (၂) သင်္ချာ | ၁၃၀၀ နာရီမှ | ၁၅၀၀ နာရီအထိ။ |

(ဂ) စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | |
|---|---|---|
| (၁) အင်္ဂလိပ်စာ | ၀၉၀၀ နာရီမှ | ၁၁၀၀ နာရီအထိ။ |
| (၂) သင်္ချာ | ၁၃၀၀ နာရီမှ | ၁၅၀၀ နာရီအထိ။ |

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | |
|---|---|
| (က) နေပြည်တော် | အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။ |
| (ခ) မြစ်ကြီးနားမြို့ | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) လားရှိုးမြို့ | တိုင်းစစ်ဌာနချုပ်ခန်းမ။ |
| (ဃ) တောင်ကြီးမြို့ | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (င) နမ့်စန်မြို့ | နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။ |
| (စ) ကျိုင်းတုံမြို့ | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (ဆ) မော်လမြိုင်မြို့ | အထက၊ ရွှေနတ်တောင်။ |
| (ဇ) မြိတ်မြို့ | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဈ) ရန်ကုန်မြို့ | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ည) ပုသိမ်မြို့ | တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။ |
| (ဋ) အမ်းမြို့ | တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။ |
| (ဌ) မုံရွာမြို့ | အထက(၂)၊ အလုံတပ်မြို့။ |
| (ဍ) မန္တလေးမြို့ | တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။ |
| (ဎ) တောင်ငူမြို့ | တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။ |

၃။ ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးကတ် တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူကသူတို့ကို ကိုယ်စားပြုတဲ့သူတွေကို ကိုယ်တိုင်ရွေးချယ်တဲ့အုပ်ချုပ်ရေးစနစ်ပဲဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်ဆိုတာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်လို့ဆိုရာမှာ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူတို့က ရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်မှာ ပြည်ထောင်စုတစ်ဝှမ်းလုံးရှိ တိုင်းရင်းသားပြည်သူတွေ အတူတကွပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်တွေအလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ရရှိစေမှာဖြစ်ပါတယ်။ ဒါမှလည်း စစ်မှန်၍စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ၁ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၁-၈-၂၀၂၂

# ဟယ်ရီကိန်း၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် ဝုလ်ဗာဟမ်တန်အသင်းကို စပါးအသင်းအနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ်(၂)ရဲ့ ဩဂုတ် ၂၀ ရက်ည အစောပိုင်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ စပါးအသင်းနဲ့ ဝုလ်ဗာဟမ်တန်အသင်းတို့ပွဲစဉ်မှာ စပါးအသင်းက တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ ဝုလ်ဗာဟမ်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီး စပါးအသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးကို ယာယီတက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ နှစ်သင်းစလုံးဟာ အပြန်အလှန် တိုက်စစ်ဆင်မှုတွေရှိခဲ့ပေမယ့် ပထမပိုင်းပွဲကစားချိန်အတွင်းမှာ ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ဘဲ ဒုတိယပိုင်းပွဲကစားချိန် ၆၄ မိနစ်ရောက်မှသာ စပါးအသင်းက တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**စာမျက်နှာ ၂၁ ကော်လံ ၅ သို့ ○**



စပါးအသင်းနှင့် ဝုလ်ဗာဟမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ယနေ့ ဖတ်စရာ**

**PDF အမည်ခံ အကြမ်းဖက်အဖွဲ့က Drone ယာဉ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဘုန်းတော်ကြီးကျောင်းတွင် စာသင်ကြားလျက်ရှိသည့် ကျောင်းသား သုံးဦးနှင့် ကိုရင် တစ်ပါးတို့တွင် မိုင်းစ ထိမှန်ဒဏ်ရာများရရှိ**

စာမျက်နှာ » ၁၅

**ကွန်ဖူးပန်ဒါ ၄ ရုပ်ရှင်သစ်ကို ၂၀၂၄ ခုနှစ်အတွင်း ထုတ်လွှင့်မည်**

စာမျက်နှာ » ၂၁

# MNL-2 ပြိုင်ပွဲတွင် တက္ကသိုလ်အသင်း နိုင်ပွဲရ

ရန်ကုန် ဩဂုတ် ၂၀

**၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃) တတိယနေ့အဖြစ် တက္ကသိုလ်အသင်းနှင့် Young Boys အသင်းတို့ ယနေ့တွင် သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ယှဉ်ပြိုင်ကစားရာ တက္ကသိုလ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။**



တက္ကသိုလ်အသင်းနှင့် Young Boys အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

Young Boys အသင်းသည် နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်နေသည့် မြန်မာယူ-၁၆ အသင်းကို ပြိုင်ပွဲအတွေ့အကြုံရစေရန် ဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး အာဆီယံ ယူ-၁၆ ပြိုင်ပွဲယှဉ်ပြိုင်သဖြင့် ယခုမှ ပထမဆုံးပွဲကစားရခြင်းဖြစ်သည်။ တက္ကသိုလ်အသင်းအတွက် အနိုင်ဂိုးများကို ၇၉ မိနစ်တွင် ကောင်းသက်နိုင်နှင့် ၈၇ မိနစ်တွင် ရဲမင်းဦးတို့က သွင်းယူခဲ့သည်။ တက္ကသိုလ်အသင်းသည် နှစ်ပွဲကစား သုံးမှတ်ရထားပြီး Young Boys အသင်းမှာမူ တစ်ပွဲကစား တစ်ပွဲအရှုံးနိမ့်ထားသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

**CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာ လုံခြုံရေးစခန်းများအပြင် နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်**

နေပြည်တော် ဩဂုတ် ၂၀

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။ **စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✳**